မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၀၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စက်မှုဇုန်မှ လယ်ယာသုံးစက်ကိရိယာများနှင့် မော်တော်ယာဉ်များ သတ်မှတ်ပုံစံအတိုင်း စနစ်တကျထုတ်လုပ် ဒေသစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ အလေးထားပြုစု၊ သစ်တောသစ်ပင်များ ဆက်လက်ထူထောင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လက်ပံခြေပေါ် မြစ်ရေတင် ပင်မမြောင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂

မကွေးတိုင်း ပခုက္ကူမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ပခုက္ကူတပ်နယ် ခြံစည်းရိုးကြက်ဆူပင် ငါးဧက စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

ကမ္ဘာတစ်လွှား အားကစား အညွှန်း

အာဂျင်တီးနားနည်းပြတာဝန်ကို ထမ်းဆောင်မည့် ဘာဆီလီအား လက်ရှိဘိုကာဂျူနီယာ အသင်းတွင်သာ ဆက်လက်နေရန်ကမ္ဘာကျော် ဘောလုံးသမား မာရာဒိုနာ အကြံပြု။

အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် ကမ္ဘာ့ဖလားဖိုလ်လုပွဲတွင် ခြေကုန်လက်ပန်းကျသွားခဲ့၍ ယခုအထိ ရာသီအကြိုပြင်ဆင်လေ့ကျင့်မှုများနှင့် ကင်းကွာနေကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ပြောကြား။

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

စက်မှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုမည့် အထည်ချုပ်စက်ရုံ(ပခုက္ကူ)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် မလွဲမသွေ လိုအပ်သည်။ အမှတ်(၁) စက်မှုဝန်ကြီးဌာနက စား၊ ဝတ်၊ နေရေးအတွက် လိုအပ်သောကုန်ပစ္စည်းများကို ထုတ်လုပ်ပေးသည့် စက်ရုံ၊ အလုပ်ရုံများကို တိုးချဲ့ထူထောင်ပေးနေသကဲ့သို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနကလည်း အကြီးစားစက်ပစ္စည်းကိရိယာများ၊ လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ယာဉ်များနှင့် လျှပ်စစ်ပစ္စည်းများကိုထုတ်လုပ်ပေးသည့် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ပုဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူထောင်ပေးထားသည့် စက်မှုဇုန်များတွင် အရည်အသွေးမြင့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်နိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြသည်။ တိုးတက်လာသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံ၍ တီထွင်ကြံဆမှုများဖြင့် ပေါင်းစပ်ပြီး အဆင့်မြင့်ကုန်ချောအဆင့်အထိ သွင်းကုန်အစားထိုးခြင်းသာမက ပို့ကုန်အဖြစ်ပါ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ သွင်းကုန်အစားထိုးရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဝတ်ဆင်မှုအဆင့်အတန်း မြင့်မားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်နှင့် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာပိုင်းဆိုင်ရာမြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက အထည်ချုပ်စက်ရုံ(ပခုက္ကူ)ကို ဇူလိုင် ၂၈ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းစက်ရုံတွင် ပင်မအဆောက်အအုံမှာ အလျားပေ၃၄၀၊ အနံပေ၁၅၀နှင့် အမြင့်ပေ၂၀ရှိ RC အဆောက်အအုံဖြစ်ပြီး ၁၁-ကေဗွီဓာတ်အားခွဲရုံ၊ ရေသိုလှောင်ကန်၊ ရေစင်၊ ကုန်ကြမ်းသိုလှောင်ရုံများ ပါဝင်ပြီး အထည်ချုပ်စက် ၅၂၆ လုံးအပါအဝင် စက်အလုံးပေါင်း ၇၀၄ လုံး တပ်ဆင်ထားသည်။

အဆိုပါ စက်ရုံမှ တစ်နှစ်လျှင် အထည်၁၂သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရှပ်အင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီ၊ ကလေးဝတ်အင်္ကျီ၊ ဂျာကင်အင်္ကျီ၊ ခြင်ထောင် အမျိုးမျိုးနှင့် သက်န်းအမျိုးမျိုး ထုတ်လုပ်သွားမည်ဖြစ်သည်။

အထည်ချုပ်စက်ရုံ(ပခုက္ကူ)ရေရှည်တည်တံ့ပြီး အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်သွားနိုင်ရေးအတွက် စက်ရုံဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းကြခြင်းဖြင့် နိုင်ငံတော်၏စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေး (၉/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယာဉ်မတော်တဆမှုများ လျော့ပါးသွားရေး ပညာပေးအရေးယူမှု စနစ်တကျဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေး(၉/၂၀၀၆)ကို ဇူလိုင်၂၈ရက် ညနေ ၃နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်ထူးနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားပြီး နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်ထူးက ဇူလိုင်လအတွင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ပညာပေးဆောင်ရွက်မှု၊ စစ်ဆေးအရေးယူ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တိုင်းမှူးက ယာဉ်မတော်တဆမှုများ တဖြည်းဖြည်း လျော့ပါးသွားရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ပညာပေး အရေးယူမှုများဖြင့် စနစ်တကျဆောင်ရွက်ရေး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှုများမကြန့်ကြာအောင်၊ ဥပဒေနှင့်ညီညွတ်အောင်ဆောင်ရွက် လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်သိက္ခာများထိန်းသိမ်း

ရန်ကုန် ဩဂုတ် ၂

တရားရေးဝန်ထမ်း ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက်၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ်အဆောက်အအုံ အစည်းအဝေးခန်းမ(၂)တွင် ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ တွဲဖက်တိုင်းတရားသူကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ ပဲခူးတိုင်းနှင့် ပဲခူး(အနောက်ပိုင်း) တိုင်းတို့မှ တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြသည်။

အခမ်းအနားတွင်တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** တရားသူကြီးများသည် အမှုများကို မကြန့်ကြာအောင်၊ ဥပဒေနှင့် ညီညွတ်အောင် အဂတိတရားကင်းစွာပြည်သူများ၏အကျိုးကို ထိခိုက်နစ်နာမှုမရှိအောင်၊ သယ်ပိုးဆောင်ရွက်ရန်နှင့် မိမိတို့လိုက်နာကျင့်သုံးထိန်းသိမ်းအပ်သော ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းပြီး ရိုးရိုးသားသားကြိုးကြိုးစားစားဆောင်ရွက်ကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူ ခေါင်းဆောင်သို့ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဒုတိယမြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၄)အား လှိုင်သာယာမြို့နယ် တရားရုံးချုပ် လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃-၈-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၄၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ ဗျတ္တိ"** (အပိုင်း-၁၉)

● ရှေ့ဖုံးမှ

ထို့နောက် ပခုက္ကူတပ်နယ်မှ မိသားစုဝင်များ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ရှိ သာသနာ့ဗိမာန်တော်ကြီးသို့သွားရောက်၍ ပခုက္ကူမြို့ပေါ်ရှိ စာသင်တိုက်ကြီးများမှ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအခမ်းအနား၌ နိုင်ငံတော်ဩဝါဒါစရိယ ပခုက္ကူမြို့မဟာဝိသုတာရာမ(အလယ်တိုက်) ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဝိသုတာရာမ (အလယ်တိုက်) အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက အနုမောဒနာတရား ဟောကြားတော်မူပြီး ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပခုက္ကူစက်မှုဇုန်

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူ-ရေစကြို ကားလမ်းပေါ်ရှိ ပခုက္ကူမြို့ စက်မှုဇုန်သို့သွားရောက်ရာ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ရှင်းလင်းဆောင်၌ ပခုက္ကူစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက စက်မှုဇုန်တည်နေရာ၊ အကျယ်အဝန်း၊ မြေနေရာ ချထားမှု၊ ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မော်တော်ယာဉ်နှင့် လယ်ယာသုံး ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်မှုလုပ်ငန်းရှင်များအား လိုအပ်သည်များကို မေးမြန်း ဆွေးနွေးပြီး စက်မှုဇုန်၌ မြို့အင်္ဂါရပ်နှင့်အညီ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ မီးသတ်၊ မူလတန်းကျောင်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်ရုံး၊ စည်ပင်သာယာရေးရုံး စသော အခြေခံအဆောက်အအုံများ နေရာချထားပေးရေး၊ ရေပေးဝေရေး လုပ်ငန်းအတွက် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ လယ်ယာသုံး စက်ကိရိယာများကို ထုတ်လုပ်သွားရေး၊ မော်တော်ယာဉ်ထုတ်လုပ်မှုတွင် သတ်မှတ်ပုံစံများအတိုင်း စနစ်တကျ ထုတ်လုပ်သွားရေး၊ ရေဆိုး စွန့်ပစ်မှုကို ရေဆိုးမြောင်းများဖြင့် သတ်မှတ်နေရာသို့ရောက်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အတတ်ပညာဖလှယ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပခုက္ကူစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မုံရွာစက်မှုဇုန်နှင့် ဆက်သွယ်၍ အတတ်ပညာဖလှယ်ခြင်း၊လိုအပ်သည်များကို အပြန်အလှန်မှာကြား လုပ်ဆောင်ကြရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များ ပခုက္ကူစက်မှုဇုန်မှ ထုတ်လုပ်သော ဂျစ်ကားနှင့် ကားပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ၊ ယူနတီဂျစ်ကားတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

စနစ်တကျထုတ်လုပ်

ထို့နောက် ပခုက္ကူ စက်မှုဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ယူနတီကုမ္ပဏီလီမိတက် ရွှေညီနောင် ကားထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာဦးကျော်ထင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များက ယူနတီဂျစ်ကားနှင့် ကားအစိတ်အပိုင်းများ ထုတ်လုပ်မှုကို လိုက်လံ ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကားများကို သတ်မှတ်ပုံစံအတိုင်း စနစ်တကျ ထုတ်လုပ်သွားရန် မှာကြားသည်။

ပြည့်မီစွာစိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီစွာ စိုက်ပျိုးရန်နှင့် စပါးစိုက်မြေများကို ဖော်ထုတ်၍ စပါးစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ရွှေမုဋ္ဌောစေတီအနီး၌ ဧရာဝတီမြစ်ကမ်းရှိ မြေထိန်းနံရံနှင့် ဧရာဝတီမြစ်၏ ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခုက္ကူမြို့ရှိ ပရိယတ္တိဗိမာန်၌ သံဃာအပါး ၅၀၀ဆံ့ နှစ်ထပ်ပရိယတ္တိ စာသင်ဆောင် ဆောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ တပ်ရင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုများ၊ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများ အခြေအနေများနှင့် တပ်နယ်အတွင်းရှိ ရွှေနတ်တောင်ရေထိန်းဆည်၌ ရေဝင်ရောက်မှု၊ ဆည်ဝန်းကျင်ရှိ စိုက်ခင်းများအခြေ အနေကိုလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၏ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများနှင့် ပခုက္ကူမြို့ ရွှေနတ်တောင် စိမ်းလန်းစိုပြည်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးနောက် ရွှေနတ်တောင်တောရကျောင်းဆရာတော် ဘဒ္ဒန္တသောဘနအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကုန်းစောင်းစိုက်ခင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းစံပြစိုက်ခင်း၌ သစ်ပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရွှေနတ်တောင်နှင့် ကုန်းစောင်းစိုက်ခင်းတို့ကို ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးအတွက် အလေးထားပြုစု စောင့်ရှောက်ကြပြီး သစ်တောသစ်ပင်များ ဆက်လက် ထူထောင်သွားရေး၊ ရေရရှိရေးအတွက် ဆောင်ရွက်ထားရှိပြီးဖြစ်သော အုတ်ကန်၊ ရေကန်တို့၌ ရေအမြဲရှိနေရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆေးဝါးများဆက်ကပ်

မွန်းလွဲပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် ပိဋကတ်ကျောင်းသို့ သွားရောက်၍ ပဓာန နာယကဆရာတော် သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁)ဝါရှိ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တမာလာလင်္ကာရ သက်တော်ရှည် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဆေးဝါးများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပခုက္ကူမြို့ ဆိပ်ကမ်းမှ ဇက်ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ဆိပ်ကမ်းသို့ ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် လိုက်ပါလျက် ဆက်လက်ထွက်ခွာ၍ လက်ပံခြေပေါ် ဇက်ဆိပ်ကမ်းပေါ်ရှိ လက်ပံခြေပေါ် မြစ်ရေတင် ပင်မမြောင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းခြံ-ညောင်ဦး ကားလမ်း မိုင်တိုင်အမှတ် (၁၂/၇) အနီးရှိ မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းကို လည်းကောင်း၊ မြင်းခြံ-ညောင်ဦး ကားလမ်းဝဲယာရှိ မိုးစပါးစိုက်ခင်းများ၊ မြစ်ရေတင်ရေသောက် မိုးစပါး စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

တောင်ကြီးအသင်း(ရန်ကုန်)သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ရေတာရှည်လမ်းဟောင်း ဗဟန်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသက်(၇၅)နှစ်နှင့်အထက် မိဘဘိုးဘွားများနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးတို့၏ အမည်စာရင်းကို ဩဂုတ် ၁၃ ရက် နောက်ဆုံးထား၍ ကမ္ဘောဇသာသနာ့ဗိမာန် ဖုန်း-၃၈၁၄၃၉၊ ဥက္ကဋ္ဌ ဖုန်း-၆၆၇၄၂၇၊ အတွင်းရေးမှူး ဖုန်း-၆၆၂၇၃၂နှင့် တွဲဖက်အတွင်းရေးမှူး ဖုန်း-၅၈၀၁၄၇ တို့သို့ ဆက်သွယ်စာရင်းပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သောပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

မြန်မာ့ရုပ်မြင်သံကြား

၃-၈-၂၀၀၆ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	အကပဒေသာ
၈း၂၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊သတ္တဗေဒ အထူးပြုများ) [ဓာတုဗေဒ]
၁၇း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၂၅	၇။	အရေးပြိုင်ပွဲ
၁၇း၃၀	၈။	**"သစ်ကောင်းတပင်"** နဒီစိုး၊ ပြည့်စုံသျှင်၊ ကျော်မျိုးဟိန်း ၊မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂျွန် ဒါရိုက်တာ-မိုးထက်လူ (သစ်တော)
၁၇း၄၀	၉။	အတီးပြိုင်ပွဲ
၁၇း၄၅	၁၀။	"ဟွန်းသံ" (ဧရာနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာသက်တင်)
၁၇း၅၀	၁၁။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၂။	ညနေခင်းသတင်း
၁၈း၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၄။	သီရိဂေဟာ
၁၈း၅၅	၁၅။	သက်တန့်ရောင်သံစဉ်
၁၉း၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၁)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၇)

မင်္ဂလာတောင်ညွန့်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၇) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၇) ဦးအောင်မြတ်လမ်းရှိ မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အောင်က အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးတင်လှိုင်၊ ဦးတင်ဝင်း၊ အရှေ့ပိုင်းခရိုင်အလုပ်အမှုဆောင် ဦးစိန်မြင့်၊ ဒေါ်ဇာခြည်လင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးဇော်လင်းနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် သင်တန်းသို့ တက်ရောက်မည့် အသင်းဝင်အနေးယာဉ် ဂိတ်မှူး ၆၀တို့ တက်ရောက်ကြသည်။

လှူဒါန်း

သင်တန်းသို့ မြို့နယ် စီးပွားရေးအထောက်အကူပြုစက်မှုနှင့် ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါက်တာစောလှထွန်းက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင်က လက်ခံသည်။

(အောက်ပုံ)

ယနေ့ဖွင့်လှစ်သည့် အခြေခံစည်းရုံးရေးသင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမည်ဖြစ်သည်။

(သတင်းစဉ်)

တရုတ်လယ်သမားများ စီးပွားရေးတိုးတက်လာ

ပေကျင်း ဩဂုတ် ၂

တရုတ်လယ်သမားသန်း ၃၀၀ခန့်သည် လာမည့်အနှစ် ၂၀အတွင်း မြို့ကြီးများသို့ ပြောင်းရွှေ့လာကြလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီရင်ခံစာ၌ ဖော်ပြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကျေးလက်နေ ပြည်သူအများဆုံးနေထိုင်သော နိုင်ငံဖြစ်ပြီး စီးပွားရေး လျင်မြန်စွာ တိုးတက်လျက်ရှိရာ လူနေမှုဘဝသည်လည်း ပိုမိုဖွံ့ဖြိုးလာလျက် ရှိကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

ပြောင်းရွှေ့ကြမည်

၂၀၃၀ ပြည့်နှစ်တွင် တရုတ်လယ်သမားများသည် နေ့ချင်းညချင်း တိုးတက်ကြီးပွားလာသဖြင့် မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ကြလိမ့်မည်ဖြစ်သည်။ ထိုကာလ၌ မြို့ကြီး၁၂၅ မြို့၌ လယ်သမားတစ်သန်းကျော်ပြောင်းရွှေ့မည်ဖြစ်ပြီးမြို့ကြီး၅၀တွင်နှစ်သန်းကျော် ပြောင်းရွှေ့လာကြလိမ့်မည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

နိမ့်ကျနေဆဲ

၁၉၈၀ ပြည့်လွန်နှစ်များမှစပြီး စီးပွားရေး လျင်မြန်စွာ တိုးတက်လာသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများထက် စီးပွားရေး နိမ့်ကျနေဆဲဖြစ်သည်။ တရုတ်နိုင်ငံ၏ လူဦးရေသည်၁ ဒသမ ၃ ဘီလီယံကျော်ရှိရာတွင် သန်း၈၀၀မှာ ကျေးလက်လယ်သမားများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့ရှိ လမ်းတစ်လမ်းတွင် ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာ၌ ကားဗုံးခွဲတိုက်ခိုက်

ဘိုဂိုတာ ဩဂုတ် ၂

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ဇူလိုင် ၃၁ ရက်က စစ်ယာဉ်တန်းအား ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အရပ်သားတစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်၁၅ဦးဒဏ်ရာရရှိခဲ့ကြောင်းစစ်ဘက်မှပြောကြားသည်။

ဖောက်ခွဲတိုက်ခိုက်

ယင်းပေါက်ကွဲမှုသည် ဘိုဂိုတာမြို့ အနောက်မြောက်ပိုင်းတွင် စစ်ယာဉ်တန်းဖြတ်သန်းသွားစဉ် အဝေးထိန်းခလုတ်ဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သေဆုံး

ထိုပေါက်ကွဲမှုကြောင့် အနီးရှိ အဆောက်အအုံများ၏ ပြတင်းပေါက်များပျက်စီးခဲ့ရပြီးလမ်းပေါ်တွင် အမှိုက်ကောက်နေသူတစ်ဦးသေဆုံးခဲ့ရသည်။ နိုင်ငံတော်အား ဆယ်စုနှစ် လေးစုကြာ ဆန့်ကျင်တိုက်ခိုက်နေသော လက်ယာအုပ်စုများ၏လက်ချက်ဟုယူဆရကြောင်း အာဏာပိုင်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်၌ မြေငလျင်ကြိုတင်သတိပေးစနစ် တပ်ဆင်

တိုကျို ဩဂုတ် ၂

ဂျပန်နိုင်ငံသည် မြေငလျင်ကြိုတင်သတိပေးမှုစနစ်ကို ဩဂုတ် ၁ ရက်မှ စတင်တပ်ဆင်လိုက်ပြီဖြစ်သည်။ အဆိုပါစနစ်တပ်ဆင်မှုကြောင့် ငလျင်မလှုပ်မီအချိန်အနည်းငယ်အတွင်း ကြိုတင်သတိပေးမှုပြုလုပ်နိုင်မည်ဖြစ်သည်။

ရှောင်တိမ်း၍မရနိုင်

အဆိုပါကြိုတင်သတိပေးမှုစနစ်က ငလျင်လှုပ်ရန်အကြိုလှိုင်းများ ဖြစ်ပေါ်သည်နှင့် သတိပေးမှု သတင်းပေးပို့မည်ဖြစ်ပြီး ပြင်းထန်သောငလျင်ဒဏ်မခံရအောင် သတိပေးနိုင်မည်ဖြစ်သည်။ သို့သော်ရုတ်တရက် ပြင်းထန်သောငလျင်များကို ရှောင်တိမ်း၍မရနိုင်ကြောင်းသိရသည်။

ငလျင်မလှုပ်မီ ၁၀ စက္ကန့်နှင့် စက္ကန့် ၂၀ ခန့်ကြိုတင်သတိပေးနိုင်မည် ဖြစ်ရာ ဂျပန်နိုင်ငံတွင် ယခုအခါ ငလျင်ကြိုတင်သတိပေးမှုစနစ်နှင့် ဆက်သွယ်ထားသည့် ဌာနများမှာ မီးရထားလုပ်ငန်းများ၊ ဆောက်လုပ်ရေး၊ စက်ရုံအလုပ်ရုံများ၊ ဆေးရုံများအပါအဝင် အခြားအရေးကြီးဌာန ၄၁ ခုနှင့် သတင်းဆက်သွယ်ရေးကွန်ရက်ပြုလုပ်ထားသည်။

အများပြည်သူများကိုမူ ငလျင်ကြိုတင်သတိပေးမှုစနစ်ကို နားမလည်သေးသဖြင့် အသံဖြင့်သတိပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကျောင်း တစ်ကျောင်းတွင် ကျောင်းသူလေးများ ငလျင်ဒဏ် ကာကွယ်နိုင်သည့် မျက်နှာဖုံး ခေါင်းစွပ်များဖြင့် ဩဂုတ် ၁ရက်က လေ့ကျင့်ခန်းများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းမြောက်ပိုင်း ချင်းမိုင်၌ရေကြီး နေအိမ်ရာပေါင်းများစွာ၌ရေလွှမ်းနေ

ဗန်ကောက် ဩဂုတ် ၂

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့၌ မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် နေအိမ်ရာပေါင်းများစွာ ရေလွှမ်းခံနေရကြောင်း ထိုင်းနယူးစ် အေဂျင်စီက ဇူလိုင် ၃၁ရက်၌ ပြောကြားသည်။

ပြောင်းရွှေ့သွား

ဒွိုင်ဆွတ်ဟတ်တောင်မှ တောင်ကျရေများ ဒလဟောထိုးဆင်းလာသဖြင့် ချင်းမိုင်မြို့လယ် မေရင်ရပ်ကွက်၌ ရေများ စင်တီမီတာ ၃၀မှ စင်တီမီတာ ၅၀ အထိ တက်လာခဲ့ကြောင်း၊ ကျေးရွာအချို့မှ ကျေးရွာသားများလည်း ကုန်းမြင့်ပိုင်းသို့ ပြောင်းရွှေ့သွားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ရေကြီးမှုသတိပေး

ချင်းမိုင်မြို့၏ အချို့ဒေသများတွင် ရေများ စင်တီမီတာ ၆၀ အထိ မြင့်တက်ခဲ့ပြီး ကားများလည်း တန်းစီပျက်လျက်ရှိကြောင်း သိရသည်။ ထိုင်းမိုးလေဝသဌာနက ထိုင်းမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများကို ဇူလိုင် ၃၁ရက်မှ ဩဂုတ်၂ရက်အထိ ရေကြီးမှု သတိပေးချက်များ ထုတ်ပြန်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယားရေနံစိမ်းထုတ်လုပ်မှုလျော့ချ

လေဂို့စ် ဩဂုတ် ၂

နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုကို ပုံမှန်နေ့စဉ်ထုတ်လုပ်မှုမှ ၂၆ရာခိုင်နှုန်း သို့မဟုတ် တစ်နေ့ ရေနံစည်ပေါင်း ၆၇၅၀၀၀ကို လျှော့ချဖြတ်တောက်လိုက်ကြောင်း နေ့စဉ်ထုတ် သတင်းစာတစ်စောင်က ဇူလိုင် ၃၁ရက်၌ ပြောကြားသည်။

ပေါက်ကွဲ

ယင်းကဲ့သို့ ရေနံစိမ်းထုတ်လုပ်မှု လျှော့ချဖြတ်တောက်ရခြင်းမှာ မကြာသေးမီက စစ်သွေးကြွများ နိုင်ဂျီးရီးယားမြစ်ဝ၌ တိုက်ခိုက်ခဲ့မှုကြောင့် ပိုက်လိုင်း များယိုစိမ့်ပေါက်ကွဲမှု ဖြစ်ပွားကြောင်း ၎င်းနေ့စဉ်သတင်းစာက ဖော်ပြသည်။

လျှော့ချ

နိုင်ဂျီးရီးယားတောင်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်ခုမှ ရေနံများယိုစိမ့်ခဲ့သဖြင့် ရေနံစည်ပေါင်း ၁၈၀၀၀ လျှော့ချလိုက်ကြောင်း နိုင်ဂျီးရီးယားရေနံထက်ဝက်ကို ထုတ်လုပ်နေသော ရှိုင်းရယ်ဒတ်ရှဲကုမ္ပဏီက ပြောကြားသည်။

ဖြတ်တောက်

ထို့အပြင် ရေနံအထွက်များသည့် နိုင်ဂျီးရီးယားမြစ်ဝ အနောက်ပိုင်းမှ စည်ပေါင်း ၄၇၇၀၀၀ ကို ဖြတ်တောက်လိုက်ကြောင်း၊ စုစုပေါင်းတစ်နေ့ ရေနံစိမ်းစည်ပေါင်း ၆၇၅၀၀၀ကို လျှော့ချလိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အစ္စရေးတို့ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံရှိ လူနေအဆောက်အအုံများပျက်စီးနေသည်ကို ဩဂုတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရက် ၂၀ အတွင်း လက်ဘနွန်နိုင်ငံသား ၇၅၀ သေဆုံး

ကိုင်ရို ဩဂုတ် ၂

လွန်ခဲ့သည့် ရက်အနည်းငယ်က အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှု ဒဏ်ခံခဲ့ရသော တောင်ပိုင်းလက်ဘနွန်ကျေးရွာတစ်ရွာရှိ အပျက်အစီးများကြားမှ လူ ၂၆ ဦး၏အလောင်းများကို ကယ်ဆယ်ရေးသမားများက ဇူလိုင် ၃၁ရက်တွင် တွေ့ရှိခဲ့ကြောင်း အယ်လ်ဂျာဇီရာ သတင်းဌာနက ဖော်ပြသည်။

တွေ့ရှိ

အဆိုပါ အလောင်းများမှာ ဇူလိုင် ၁၂ ရက်က အစ္စရေးနှင့် ဟစ်ဇ်ဘိုလာလက်နက်ကိုင် တိုက်ခိုက်ရေးသမားများအကြား ပစ်ခတ်တိုက်ခိုက်ခဲ့ကြကတည်းက နိုင်ငံတောင်ပိုင်းရှိ ဆာရီဖာကျေးရွာတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။ အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြထားခြင်း မရှိပေ။

သေဆုံး

ဇူလိုင် ၃၁ရက်စောစောပိုင်းကလည်း လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကာနာကျေးရွာကို အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လက်ဘနွန်အရပ်သား ၅၀ကျော်သေဆုံးခဲ့ပြီး အများစုမှာ ကလေးများ ဖြစ်ကြကြောင်း ဆင်ဟွာကဖော်ပြသည်။

အစ္စရေးတို့ တိုက်ခိုက်မှု ရက်၂၀အတွင်း အပျက်အစီးများအောက်တွင် ရောက်နေသော လူများအပါအဝင် လက်ဘနွန်နိုင်ငံသား ၇၅၀ခန့် သေဆုံးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး မိုဟာမက်ဂျာဝက် ခါလီဖီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပေကျင်းတွင် မှုခင်းများ ကျဆင်း

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် ယခုနှစ်ပထမခြောက်လတာကာလအတွင်း မှုခင်းဖြစ်မှုများ ကျဆင်းခဲ့ရာ ယခင်သုံးနှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။

ပေကျင်းမြို့တော်၌ ယခုနှစ်ပထမခြောက်လတွင် မှုခင်း ၅၁၈၈၆ ဖြစ်ခဲ့ရာ လွန်ခဲ့သည့် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ကာလနှင့် နှိုင်းယှဉ်လျှင် ၃၂ဒသမ ၁ရာခိုင်နှုန်းနှင့် ၁၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ပေကျင်းမြို့တော် ပြည်သူ့လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပြောကြားသည်။

ပေကျင်းမြို့တော်တွင် ယခုနှစ်ဇန်နဝါရီမှ ဇွန်လအတွင်း ရာဇဝတ်မှုများကျဆင်းခဲ့ကြောင်း အဆိုပါကော်မတီက သတင်းထုတ်ပြန်သည်။ ထိုသို့ မှုခင်းများ ကျဆင်းခဲ့မှုကြောင့် ပြည်သူများ၏ လုံခြုံမှုအနေအထားနှစ်ချင်းအလိုက်တိုးတက်မှုမှာ ၀ ဒသမ ၇ရာခိုင်နှုန်းအထိ ရှိလာကြောင်း သိရသည်။

ထိန်းချုပ်

ပေကျင်းမြို့တော်တွင်ရာဇဝတ်မှုများကျဆင်းရေးအတွက် ပေကျင်းမြို့တော်ဆင်ခြေဖုံးများနှင့်အနီးဝန်းကျင်များတွင်ပုံကျနေထိုင်သူများအား စနစ်တကျထိန်းချုပ်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါကော်မတီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဆိပ်ကမ်းတွင် ဆူနာမီကြိုတင်သတိပေး ဖော်ယာတပ်ဆင်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ် ရုပ်ရှင်သရုပ်ဆောင်မင်းသမီးဂေါင်းလီ။

တရုတ်နာမည်ကြီး သရုပ်ဆောင် ဂေါင်းလီ ဟောလီးဝုဒ်တွင် ကျော်ကြားရေပန်းစားလာ

ပေကျင်း ဩဂုတ် ၂

တရုတ်ရုပ်ရှင်လောကတွင် လွန်ခဲ့သော၁၀နှစ်မှစ၍ နာမည်ကျော်ကြားလာသော တရုတ်ရုပ်ရှင်သရုပ်ဆောင်မင်းသမီးဂေါင်းလီသည် မီယာမီဗိုက်အမည်ရှိ ဇာတ်ကားဖြင့် ဟောလီးဝုဒ်ရုပ်ရှင်လောကတွင် ရေပန်းစားလာပြီဖြစ်သည်။

သရုပ်ဆောင်

ယင်းဇာတ်ကားတွင် မူးယစ်ဆေးဝါးနှင့်ငွေကြေးခဝါချသူအဖြစ် သရုပ်ဆောင်ထားသည်။ ၎င်းကားမှာ သူမ၏တတိယမြောက် အင်္ဂလိပ်စကားပြောဖြင့် ရိုက်ကူးခဲ့သောကားဖြစ်သည်။

ဂေါင်းလီနှင့် ကျန်ရီမူတို့သည် တရုတ်ရုပ်ရှင်လောကတွင် ခေတ်ပြိုင် ပေါ်ထွက်လာသော သရုပ်ဆောင်များ ဖြစ်သည်။ **(အင်တာနက်)**

ဆူနာမီ သတိပေးစနစ်ဆိုင်ရာအစည်းအဝေး အင်ဒိုနီးရှားဘာလီကျွန်း၌ ကျင်းပ

ဂျကာတာ ဩဂုတ် ၂

အင်ဒိုနီးရှားနိုင်ငံရှိ အပန်းဖြေကျွန်းဖြစ်သော ဘာလီကျွန်းတွင် ဇူလိုင် ၃၁ရက်က နိုင်ငံပေါင်း ၄၈နိုင်ငံမှ ကျွမ်းကျင်သူများသည် အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီသတိပေးစနစ် အချိန်မီသက်ရောက်မှုရှိမရှိ သိရှိရှာဖွေရန် စည်းဝေးခဲ့ကြကြောင်း တင်ပိုအွန်လိုင်း သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယသမုဒ္ဒရာကို အထူးသတိပြုရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လောလောဆယ်မှာပင် ဆူနာမီလှိုင်းများ မကြာခဏ ရှိနေခြင်းကြောင့်ဖြစ်ကြောင်း အင်ဒိုနီးရှား သုတေသနနှင့် နည်းပညာဝန်ကြီး ကတ်စ်မာယန်တိုကာဒီမန်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

သတိပေးနိုင်

လွန်ခဲ့သည့်နှစ်ပတ်ကပင် တောင်ပိုင်းဂျာဗားကျွန်းကမ်းခြေကို ဆူနာမီဒီလှိုင်းရိုက်ခတ်ခဲ့သဖြင့် လူ ၆၀၀ခန့် သေဆုံးခဲ့ကြောင်း ဆူနာမီ သတိပေးစနစ် အရေးကြီးသည့်အချိန် မိနစ် ၂၀အတွင်း လူများကို သတိပေးနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမကထပြု

အရေးကြီးဆုံးမှာ ငလျင်နှင့်ပြောင်းရွှေ့နိုင်မှုအကြား မိနစ် ၂၀ အတွင်းမည်သို့စီစဉ်ဆောင်ရွက်ရမည်ဆိုခြင်းပင်ဖြစ်ကြောင်း ယူနက်စကိုမှ ကမကထပြုကျင်းပသည့် ယင်းအစည်းအဝေးတွင် ဝန်ကြီးကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာရပ်နိုင်ငံများမှ ကယ်ဆယ်ရေး ပစ္စည်းများ လက်ဘနွန်နိုင်ငံသို့ ရောက်ရှိ

ဘေရွတ် ဩဂုတ် ၂

အီဂျစ်၊ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)နှင့် ဂျော်ဒန်နိုင်ငံတို့မှ ကယ်ဆယ်ရေးပစ္စည်းများ လက်ဘနွန်နိုင်ငံသို့ ဇူလိုင် ၃၀ ရက်က ရောက်ရှိလာကြောင်း ဆင်ဟွာက ဖော်ပြသည်။

သယ်ဆောင်

အီဂျစ်အစိုးရက အကူအညီပေးလိုက်သည့်အစားအစာနှင့် ဆေးဝါး ၁၄တန် သယ်ဆောင်လာသော အီဂျစ်စစ်ဘက် လေယာဉ်တစ်စင်းသည် ဇူလိုင် ၂၉ရက်နံနက်က ဘေရွတ်ရှိ ရာဖစ်ဟာရီရီ နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ဆိုက်ရောက်

မကြာမီကပင် အစားအစာနှင့် ဆေးဝါးတန် ၄၀ သယ်ဆောင်လာသည့် ယူအေအီးမှ လေယာဉ်တစ်စင်းသည်လည်း အဆိုပါလေဆိပ်သို့ ဆိုက်ရောက်လာပြီး ဆက်လက်၍ ဂျော်ဒန်မှ လေယာဉ် ဆိုက်ရောက်ခဲ့ကြောင်း ဂျော်ဒန်သည် လက်ဘနွန်နိုင်ငံသို့ လေးရက်မြောက်အဖြစ် လေယာဉ် ခုနစ်စင်းစာ အကူအညီပေးခြင်း ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့

ယခုလ စောစောပိုင်းတွင် လက်ဘနွန်နိုင်ငံအား အစ္စရေးကလေကြောင်းမှ တိုက်ခိုက်ခဲ့ကတည်းက လူ ၆၀၀ ကျော်သေဆုံးခဲ့ပြီး လူ ၁၀၀၀ ကျော် ဒဏ်ရာရရှိကာ လူ ၇၀၀၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်း၌ ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်၌ မိုးသည်းထန်စွာရွာသွန်း

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဇူလိုင် ၃၁ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် ပေကျင်းမြို့လယ်မှ လေဆိပ်သို့သွားသော လမ်းတွင်ကားများပိတ်ဆို့နေပြီး လေယာဉ်ခရီးစဉ်များလည်း နှောင့်နှေးကြန့်ကြာနေခဲ့ရကြောင်း ဩဂုတ် ၁ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ခန့်မှန်းပြောကြား

ပေကျင်းမြို့ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် တနင်္လာနေ့ နံနက် ၈ နာရီ ၄၅မိနစ်က မိုးများသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ယင်းမိုးသက်မုန်တိုင်းများသည် ပေကျင်းမြို့တွင် တနင်္လာနေ့ ညပိုင်းအထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟု မိုးလေဝသဌာနမှ ခန့်မှန်းပြောကြားခဲ့သည်။

ပိတ်ဆို့

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့၏ အဓိကလမ်းမကြီးများ ရေလွှမ်းခဲ့ရသည်။ တနင်္လာနေ့ မွန်းလွဲ ၁နာရီတွင် ပေကျင်းမြို့လယ်မှလေဆိပ်သို့သွားရန် လမ်းတွင်ပိတ်ဆို့ ရပ်တန့်သွားခဲ့ရပြီး လေယာဉ် ခရီးစဉ်များ နှောင့်နှေး ကြန့်ကြာခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြိုးတန်းပေါ်လမ်းလျှောက်ပြသူ

အမြင့် ၁၆၇၁ပေရှိ အဆောက်အအုံတွင် သွယ်တန်းထားသော ကြိုးတန်းပေါ်၌ လမ်းလျှောက်ပြနေသူတစ်ဦးတွေ့ရစဉ်။ (ဝဲပုံ)

ရုရှားနိုင်ငံ မော်စကိုမြို့ ဆပ်ကပ်အဖွဲ့မှ လူတစ်ဦးသည် စွန့်စွန့်စားစား အမြင့် ၁၆၇၁ ပေရှိ အဆောက်အအုံ၌ သွယ်တန်းထားသော ကြိုးတန်းပေါ်တွင် ယခုကဲ့သို့ လမ်းလျှောက်ပြနေခြင်းဖြစ်သည်။ **(အင်တာနက်)**

ရွှေဖရုံသီးသင်္ဘောနှင့်နဂါး

ရွှေဖရုံသီးအား ထွင်းထားသော သင်္ဘောနှင့် နဂါးရုပ်ပုံအားတွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖီဒေသရှိ စားဖိုမှူးများ သင်တန်းတစ်ခုတွင် ရွှေဖရုံသီးအားထွင်း၍ လှပသော သင်္ဘောနှင့် နဂါးရုပ်ပုံဖော်ထားသည်ကို တွေ့ရခြင်း ဖြစ်သည်။ **(အင်တာနက်)**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမရပူရ ဆောက်တောဝကျေးရွာ မိုးစပါးစိုက်ပျိုးမှုနှင့် နွေစပါးစံကွက်ရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ ဆောက်တောဝကွင်းအမှတ် ၅၈၀ သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တိုင်းမှူးသည် ကွင်းအမှတ် ၅၈၀ ရှိ တောင်သူဦးဝင်းမော်၏ လယ်မြေဧကတွင် တိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းဖြင့် မိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မျိုးယှဉ်ပြိုင်စံပြကွက် စိုက်ပျိုးထားရှိမှုနှင့် မျိုးစပါးများ ရွေးချယ်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်မန်နေဂျာ ဒေါ်ဝင်းဝင်းမြင့်က ရှင်းလင်းတင်ပြသည်။

လျာထားချက်

ထို့နောက် တိုင်းမှူးသည် မိုးစပါးစိုက်ပျိုးရန်လက်တွန်းထွန်စက်များဖြင့် မြေပြုပြင်ထွန်ယက်နေမှု၊ စိုက်ပျိုးပြီးပျိုးခင်းများတွင် မြေဩဇာပက်ဖျန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးဆောလျင်စွာ စိုက်ပျိုးနိုင်ရေး၊ သတ်မှတ်လျာထားချက်ပြည့်မီအောင် အချိန်မီစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြားသည်။

အလေးထား

ဆက်လက်၍ တိုင်းမှူးသည် ကွင်းအမှတ် ၅၈၀၊ ဦးပိုင်အမှတ် ၆၀/ဃ ရှိ တောင်သူ ဦးဝင်းမော်၏ မနောသုခ နွေစပါးစံကွက်ရိတ်သိမ်းနေမှု **(အောက်ပုံ)**၊ ရိတ်သိမ်းပြီးကောက်လှိုင်းများကို လူမှုရေးအဖွဲ့အစည်းများနှင့် တောင်သူများမှ သယ်ယူပြီး စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စပါးများ အလေအလွင့်မရှိစေရေး၊ ရိတ်သိမ်းပြီးပါက မိုးစပါးကို အချိန်မီဆောလျင်စွာ အမြန်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင် အထွက်နှုန်းရရှိရေးအလေးထားကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

အသုံးချ

ထို့နောက် ရှင်းလင်းဆောင်တွင် တိုင်းမှူးအား မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်က မန္တလေးခရိုင်အတွင်း မြေအသုံးချမှုအခြေအနေ၊ မိုးသီးနှံများ စိုက်ပျိုးနိုင်မှု အခြေအနေနှင့် နွေစပါး၊ မိုးစပါးများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက မြေနေရာများ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ရရှိအောင် ကွင်းဆင်းစိစစ်ဆောင်ရွက်ရေးနှင့် မိုးစပါး၊ နွေစပါးများကို သတ်မှတ်လျာထားချက် ပြည့်မီအောင် အချိန်မီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယနေ့ကျင်းပသည့်ဆောက်တောဝကျေးရွာ ကွင်းအမှတ် ၅၈၀ရှိတောင်သူ ဦးဝင်းမော်၏ မနောသုခ နွေစပါးစံကွက်ရိတ်သိမ်းမှုတွင် တစ်ဧကအထွက်နှုန်း မှာ ၁၂၉ ဒသမ ၂၀ တင်း ဖြစ်သည်။

အမရပူရမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါး စိုက်ပျိုးရန် ၁၁၀၀၆ ဧက လျာထားရာ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့ထိ ဧက၆၃၇၀ ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး စိုက်ပျိုးရန် ၁၅၂၀၁ဧက လျာထားရာ ၉၀၉၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂

၁၃၆၈ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) (၂၀၀၆ ခုနှစ် ဩဂုတ် ၈ ရက်) နံနက် ၇ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသိရိက ဗြဟ္မစိုရ်လေးပါး တရားတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှလည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတက တစ်ခုတည်းသော လမ်းမှန် တရားတော်ကိုလည်းကောင်း မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့် ဟောကြားတော်မူကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ အမှတ် ၄၉(ခ) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဦးသောင်းစိန်-ဒေါ်လှလှအေး၊ သားသမီး၊ မြေး၊ မြစ်များ မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကုသလ (M.A) ရှေ့မှောက်၌ တာဝန်ခံ သီဟသုဓမ္မ မဏိဇောတဓရနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ ရွှေမြင်တင်ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၄၀/၆၅၅နေ ဦးထွန်းဝေ [ဒု/ထွေ-မန်(ငြိမ်း)ဘဏ်]-ဒေါ်လှမြင့် [ဒု-ကြီးမှူး (ငြိမ်း) ဆသရ]၊ မြေး-မောင်တည်တံ့မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး) တွင် တိုက် ၂၂၉ အခန်း ၁၃၊ တိုက်လေးလုံး ရန်ကင်းမြို့နယ်နေ အရှင်နရိန္ဒအားရည်စူး၍ ဒေါ်ခင်မျိုးကြည် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆေးလိပ်ဖြတ်ရန် နီကိုတင်းဓာတ်အစားထိုးကုသနည်း ကြော်ငြာသလောက် မထိရောက်ဟုဆို

နီကိုတင်းဓာတ် အစားထိုးကုသနည်း (အင်အာရ်တီ)မှာ ယခင်က ကြော်ငြာသည့်အတိုင်း ထင်ထားသလောက် ဆေးလိပ်သောက်သူများအနေဖြင့် ဆေးလိပ်သောက်မှု ထိထိရောက်ရောက် ပြတ်သွားခြင်း မရှိကြောင်း သုတေသီများက ပြောဆိုသည်။

ပြန်သောက်နေ

ဂျီနီဗာတက္ကသိုလ်မှ သုတေသီအဖွဲ့ တစ်ဖွဲ့က အင်အာရ်တီကုသနည်းဖြင့် ကုသဆေးလိပ်ဖြတ်ထားသူ ၄၈၀၀ ကို စူးစမ်းကြည့်သောအခါ ထိုနည်းဖြင့်ကုသပြီး တစ်နှစ်သို့မဟုတ် တစ်နှစ်ကျော်ကြာသောအခါ ၃၀ ရာခိုင်နှုန်းမှာ ဆေးလိပ် ပြန်သောက်နေသည်ကိုတွေ့ရသည်ဆို၏။

အားနည်းချက်

စောစောပိုင်းက လေ့လာချက်များမှာ ဆေးလိပ်ဖြတ်သူများအား ဆေးလိပ်ပြတ်စသာသိရှိပြီး ရေရှည် ပြန်သောက်၊ မသောက်ကို ဆက်လက်စူးစမ်းလေ့လာခြင်းမရှိသည့်အတွက် ထိုအားနည်းချက်ကို မတွေ့ရှိရခြင်း ဖြစ်သည်ဆို၏။

(ကိုးကား-အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ကန့်ဘလူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၂

ကန့်ဘလူအသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗဟန်းရွှေတိဂုံစေတီအရှေ့ဘက်မုခ် ကြားတောရလမ်း ကုန်သွယ်/လယ်ယာမွှော်ရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူမြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြရန်နှင့် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ သီးသန့်ဆွမ်းအလှူရှင်နှင့်ဧည့်ခံကျွေးမွေးလိုသူများ၊ အသင်းဝင်များ၏ (၇၅)နှစ်နှင့်အထက် မိဘများ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးသောင်းစိန် ဖုန်း-၂၂၃၅၈၇၊ ၅၄၂၆၈၄၊ အတွင်းရေးမှူး ဦးမြင့်တင် ဖုန်း-၀၉-၅၁-၃၂၁၁၇နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးမောင်(ငြိမ်း) ဖုန်း-၆၁၁၁၄၁ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွာရန် ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်မြို့ အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ တစ်လလျှင်နှစ်ကြိမ် ကျင်းပအပ်သော တရားစခန်းပွဲကြီး၏ ဝါတွင်းကာလ တတိယပတ်တရားစခန်းပွဲကို ဝါခေါင်လပြည့်ကျော် ၆ ရက်မှ တော်သလင်းလဆန်း ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရန်ကုန်မြို့ ခြောက်ထပ်ကြီး မဏိရတနာဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တပဏ္ဍိတက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးလုပ်ငန်းများမိသားစုစိတ်ဓာတ်ဖြင့်စည်းလုံးညီညွတ်စွာဆောင်ရွက် အလုပ်လုပ်သူကိုချီးမြှောက်ပြီး ရေသာခိုသူများအား အရေးယူမည်ဖြစ် ဝန်ထမ်းတိုင်း ကျရာလုပ်ငန်းတာဝန်များကိုကျေပွန်အောင်စွမ်းဆောင်

ရန်ကုန် ဩဂုတ် ၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိ၍ ဧရာဝတီတိုင်းရှိ မြို့နယ်များသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်နိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိနေသော မြို့နယ်များသို့ တိုးချဲ့လွှင့်ထုတ်နိုင်ရေး၊ MRTV(4)နှင့် ဆက်စပ်ရုပ်သံလိုင်းများ လွှင့်ထုတ်ရန်အတွက် ရွှေ့ပြောင်းဆောင်ရွက်နေမှုများကို အမြန်ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခံပြည်သူများအတွက် ပညာပေးရန်၊ ပြန်ကြားပေးရန်လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ရေး၊ စက်ရုံဝင်းအတွင်းရှိ မြေပိုမြေလွတ်များတွင် သီးပင်၊ စားပင်နှင့် နှစ်ရှည်ပင်များစိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ဧရာဝတီတိုင်း အတွင်းရှိ ပြန်ကြားရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် ည ၈ နာရီခွဲတွင် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ဧရာဝတီတိုင်းအတွင်းရှိ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင် ပြီးစီးမှု အခြေအနေများနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုသိမ်ခရိုင်၊ မြောင်းမြခရိုင် ဟသ်ာတခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့မှ ဦးစီးမှူးများ၊ ပုသိမ်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးတို့မှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ထမ်းများသည် မိမိတို့လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆ သုံးဆတိုးပြီး ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများကို ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကျေးလက်စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အစွမ်းကုန်ကြိုးပမ်း

မိမိတို့ ဝန်ကြီးဌာနက ချမှတ်ပေးထားသော ၂၀၀၆ခုနှစ်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ၁၄ရပ်ကို အောင်မြင်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ မြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသော လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကျောင်းကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရရှိထားသည့် အလှူငွေများ၊ ရုပ်မြင်သံကြားဖမ်းစက်များနှင့် ရေဒီယိုကက်ဆက်များကိုလည်း ကျေးလက်ပြည်သူများ ဗဟုသုတရရှိစေရေးအတွက် အကျိုးရှိအောင် သုံးစွဲကြစေလိုကြောင်း။

ညီညီညွတ်ညွတ်ဆောင်ရွက်

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စတုတ္ထငါးနှစ်ကာလတိုစီမံချက်များသည် ဆောင်ရွက်လျက်ရှိရာ နှစ်နှစ် သုံးနှစ်နှင့်ပြီးနိုင်သည့် လုပ်ငန်းများကို အချိန်မဆွဲဘဲ ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးလုပ်ငန်းများကို မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိအနေဖြင့် အလုပ်လုပ်သူကို ချီးမြှောက်မည်ဖြစ်ပြီး ရေသာခိုသူ၊ တာဝန်မကျေပွန်သူများကိုလည်း အရေးယူအပြစ်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတိုင်းသည် ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဩဂုတ် ၁ရက် နံနက်ပိုင်းက ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရွှေမုဋ္ဌောစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံပြီး ဂေါပကအဖွဲ့က ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

တောင်ကုတ်မှ ကျောက်ဖြူသို့ ၁၁၉မိုင် ၇ဖာလုံရှိရာ တောင်ကုတ်-မအီ ၄၃ မိုင်၊ မအီ-ဝါးတောင် ၈မိုင် ၄ဖာလုံ၊ ဝါးတောင်-မင်းကြောင်း ၁၈ မိုင်၊ မင်းကြောင်း-စနဲ(ခိုမင်) ၁၆မိုင် ၁ဖာလုံ၊စနဲ(ခိုမင်)-ကျောက်ဖြူ ၃၄ မိုင် ၂ဖာလုံရှိသည်။

ခရီးမိုင် ၁၁၉မိုင် ၇ဖာလုံတွင် လမ်းအူကြောင်းအဆင့် မြေလမ်းများမျှသာရှိသေးသော ၄၂ မိုင် ၅ဖာလုံကို အမြန်ခရီးလမ်းအဆင့်ဖောက်လုပ်ဆက်သွယ်ပေးရန် တာဝန်ကို ကျောက်ဖြူခရိုင် အင်ဂျင်နီယာမှူး ဦးကြည်စိုးနှင့် အဖွဲ့မှ မင်းကြောင်း-စနဲ(ခုံမင်) အပိုင်း ၁၆ မိုင် ၁ဖာလုံကို တာဝန်ယူဆောင်ရွက်ပြီး မအီ-ကျောက်ဖြူလမ်းစီမံကိန်းအထူးအဖွဲ့ ခေါင်းဆောင် ဒုအင်ဂျင်နီယာမှူးကြီး ဦးသန်းညွှန့် ဦးဆောင်၍ မအီ-လုံးတော်ပေါက်-မင်းကြောင်းအပိုင်း ၆၂ မိုင် ၈ဖာလုံကို ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။

အရှိန်အဟုန်မြှင့်

ရန်ကုန်-ကျောက်ဖြူလမ်းမကြီးအား ၂၀၀၀-၂၀၀၁ခုနှစ် အစတွင် အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဦးပိုင်းပွင့်လင်းလများတွင် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)မှ မအီ-လုံးတော်ပေါက် အပိုင်းတွင် ၁မိုင် ၃ဖာလုံမှ ၄၄မိုင် ၆ဖာလုံအထိ မြေလမ်း ဖောက်လုပ်ခြင်းကို လည်းကောင်း၊ ၈မိုင် ၁ဖာလုံမှ ၈မိုင် ၄ ဖာလုံ၊ ၅၁မိုင် ၄ဖာလုံမှ ၅၁ မိုင် ၇ဖာလုံအတွင်း Geotextileစမ်းသပ်လမ်းခင်းခြင်းများကို လည်းကောင်း လုပ်ငန်းစတင်ကာ ၁၂-၁၁-၂၀၀၁ နေ့တွင် မအီ-ကျောက်ဖြူလမ်း စီမံကိန်း အထူးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သဖြင့် ၁-၁၂-၂၀၀၁ တွင် လမ်း/တံတား တည်ဆောက်ရေး လုပ်ငန်းများကို စီမံကိန်း အသွင်သဏ္ဌာန်ဖြင့် အရှိန်အဟုန်မြှင့် စတင်ဆောင်ရွက်ခဲ့သည်။

စတင်ဖြတ်သန်း

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် လမ်းခင်းခြင်း၏ ပထမ နှစ်ပေလွှာမှာ ၃၁-၁-၂၀၀၅ရက်တွင် တစ်ဆက်တည်း ဆက်သွယ်ပြီးစီးခဲ့သည်။ (တောင်ကုတ်-မအီ-ကျောက်ဖြူ)ခရီးသည်ယာဉ်များသည် ၁-၁-၂၀၀၅ရက်မှာပင် ခရီးသည်ယာဉ်များ လိုင်းဖွင့်၍ စတင်ဖြတ်သန်းလျက်ရှိပြီဖြစ်သည်။

ရန်ကုန်-ကျောက်ဖြူကားလမ်း (မအီ-မင်းကြောင်းအပိုင်း)မအီမြို့နယ် အပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းအထူးစီမံကိန်းအဖွဲ့မှ စက်ယန္တရားများဖြင့် အမာခံလမ်းရရှိရန် ကျောက်ကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇူလိုင် ၇ ရက်က တွေ့ခဲ့ရစဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

တည်ဆောက်ပြီးခဲ့

မြစ်ကူး၊ချောင်းကူးအခိုင်အမာ ကွန်ကရစ်တံတားကြီးများကို ဘဏ္ဍာတော်နှစ် (၂၀၀၁-၂၀၀၂)တွင် မအီ-ကျောက်ဖြူလမ်း၏(မအီ-လုံးတော်ပေါက်) မိုင်(၀/၀-၉/၆)(၄၃/၃-၅၃/၁)ကို ဆက်သွယ်ရေးခရီးလမ်းပေါက်ရောက်အောင်ဆောင်ရွက်ပေးရန်ဖြစ်သည့်အလျောက် ၎င်းအပိုင်းတွင် မြစ်ကူး၊ချောင်းကူးတံတားကြီးများကို တံတားအထူးအဖွဲ့များက တည်ဆောက်ပြီးစီးခဲ့သည်။

အမာခံလမ်းအဖြစ်

မအီ-ကျောက်ဖြူလမ်းစီမံကိန်း (အထူးအဖွဲ့)၏ စီမံကိန်းတာဝန်အနေဖြင့် ဖြတ်မြေ၊ ဖို့မြေဖြင့် လမ်းတည်ဆောက်ခြင်း၊ ရွှံ့နွံပျော့မြေများအပိုင်းတွင် Geotextile မြေအားဖြည့်ခြင်းနည်းပညာဖြင့် ဖို့မြေလမ်းကို အမာခံလမ်းအဖြစ် တည်ဆောက်ခြင်း၊ ပေ ၁၀၀အောက်သစ်သားတံတားနှင့် ကွန်ကရစ်ရေပြွန်များတည်ဆောက်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်၊ ကာလီပိတ်ခြင်း၊ လမ်းများနှင့်ဒေသခံများအတွက် မရှိမဖြစ်အသုံးပြုရန် ရေဂါလန်သုံးသန်းဆံ့ ဂျီဖြူတောင်ရေလှောင်တမံတည်ဆောက်ခြင်း၊ Geotextile လမ်းခင်းရာ၌ ဝေးမြေသယ်ယူနိုင်ရန် မြစ်ချောင်းကြီးများတွင် အခိုင်အမာတံတားကြီးများတည်ဆောက်မပြီးမီ မြစ်ကူး၊ချောင်းကူးဘေလီတံတားများ တီထွင်ကြံဆတည်ဆောက်အသုံးပြုခြင်း၊ တည်ဆောက်ပြီးသည့် တံတားကြီး ၁၀စင်းတွင် ဖွင့်ပွဲအမီ တံတားချဉ်းကပ်လမ်းလုပ်ငန်းနှင့် တံတားများပေါ်တွင် ကျောက်ကတ္တရာခင်းခြင်းများပြုလုပ်ပေးခဲ့ပြီး ၂၀၀၅-၂၀၀၆မှ ၂၀၀၆-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ငါးနှစ်စီမံကိန်းရေးဆွဲ၍ တန်၆၀ခံ နှစ်လမ်းသွားကတ္တရာလမ်းနှင့် ပေ ၁၀၀အောက်ကွန်ကရစ်တံတားများတည်ဆောက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

အားသွန်ကြိုးပမ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ဆီသို့ ဦးတည်မျှော်၍ ရန်ကုန်-ကျောက်ဖြူ ခရီးလမ်းမကြီး တည်ဆောက်ခြင်းတာဝန်ကို ထမ်းဆောင်ရာတွင် စီမံကိန်းအင်ဂျင်နီယာနှင့် အဖွဲ့သည် **"နိုင်ငံအတွက် ဒို့ဆောင်ရွက်ပေးအပ်တာဝန် ဒို့ထူးချွန်အံ့"** ဟူသော ခံယူချက်ကို ရင်ဝယ်ပိုက်လျက် နေ့ညမပြတ် လုပ်ငန်းအမြန်ပြီးစီးရေး အားသွန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတင်ပြရပါတော့သည်။ ။ **(မြန်မာ့အလင်း)**

မုန်တိုင်းဆည်သို့ ရေကူပေးရေးနှင့် သဲနုန်းများဝင်ရောက်မှုလျော့နည်းစေရန် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာ၌ ရှမ်းမငယ်ရေလှောင်တမံစီမံကိန်းတည်ဆောက်

နေပြည်တော် ဩဂုတ် ၂

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တုရင်တောင်ခြေရှိ မြကန်စိမ်းလန်းသာယာစိုပြည်ရေးစီမံကိန်း မြကန်တမံရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြကန်သာယာစိုပြည်ရေးစီမံကိန်း မြကန်တမံ၏ ရေဝင်ရောက်ထိန်းသိမ်းထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ရေတင်အဆင့်(၃)၌ နှစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်ရှင်းလင်း

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြကန်တမံအတွင်း ရေဝင်ရောက် သိုလှောင်ထားရှိမှုနှင့် တုရင်တောင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ မြောင်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ပတ်ဝန်းကျင်ရှိ မိုးစပါးစိုက်ခင်းများ၊ နွေစပါးရိတ်သိမ်းမှုများ၊ မိုးစပါးအတွက် မြေပြုပြင်ထွန်ယက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လောကနန္ဒာ မြစ်ရေတင်အဆင့်(၄) အနီး၌ မိုးစပါးစိုက်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မိုးစပါး ၃၉၆ ဧကလျာထားရာ ယခုအခါ ၁၂၁ ဧကစိုက်ပျိုးပြီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေတင်အဆင့်(၃)၌ နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးရာ ပေါက်ကျေးရွာမှ လယ်သမား ဦးစိုးမြင့်က မနောသုခ မိုးစပါး ၁၅ ဧကစိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လက်တံမြောင်း အမှတ်(၂)၌ မိုးစပါးစိုက်ပျိုးရန် မြေယာပြင်ဆင် ထွန်ယက်နေမှုနှင့် တောင်သူ ဦးပေါက်စ၏ မနောသုခ မိုးစပါးကို တန်းကြား ကိုးလက်မ ပင်ကြား လေးလက်မနှုန်းဖြင့် စပါးကောက်စိုက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာ မြစ်ရေတင်ဖြင့် ဒေသခံပြည်သူများအတွက် သောက်သုံးရေကန်ငယ်များဖြင့် ရေပေးဝေနေမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

အထောက်အကူပြု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ပန်းတောင်း-မိတ္ထီလာ ကားလမ်းအတိုင်း ထွက်ခွာကြကာ မိုင်တိုင်အမှတ်(၂၂/၂) အောင်သာကျေးရွာ အနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က ဆောင်ရွက်နေသော မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအထောက်အကူပြု မုန်တိုင်ဆည်အတွင်းသို့ ရေကူပေးမည့် ရှမ်းမငယ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

တိုင်းတာမှု

စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှမ်းမငယ်ရေလှောင်တမံကို မြေသားတမံအလျားပေ ၆၈၀၀၊ အမြင့် ၈၉ ပေ တည်ဆောက်ပြီး ကန်ရေပြည့်ပမာဏ ဧကပေ ၈၁၆၀ ရေလှောင်နိုင်အောင် တည်ဆောက်သွားမည့် အစီအစဉ်၊ တည်ဆောက်ရခြင်း အကြောင်းနှင့် တည်ဆောက်ရန် ပဏာမတိုင်းတာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆည်တည်ဆောက်ရေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆည်တည်ဆောက်ရေး မြေသားလုပ်ငန်းဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဤရှမ်းမငယ် ရေလှောင်တမံ စီမံကိန်းကို မန္တလေးတိုင်း မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်ဆည်သို့ ရေကူပေးနိုင်ရန်နှင့် မုန်တိုင်ဆည်အတွင်း သဲနုန်းများ ဝင်ရောက်မှုကို လျော့နည်းစေရန် ရည်ရွယ်၍ တည်ဆောက်နေခြင်းဖြစ်သည်။

တည်ဆောက်မည်

အဆိုပါ ရေလှောင်တမံသည် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီးရှိ ရှမ်းမငယ်ချောင်းမှ ရေကို မြေသားတမံဖြင့်တား၍ ရေလှောင်ကာ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၁၉၁၀ ရှိအောင် တည်ဆောက်သွားမည်ဖြစ်ပြီး သုံးပေအချင်းရှိ သံကူကွန်ကရစ် ရေထုတ်ပြွန် ၁၇၂ ပေ အရှည်နှင့် အကျယ်ပေ ၄၀ ရှိ ရေပိုလွှဲကိုပါ ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂

လှည်းကူးမြို့မှ ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် တစ်မိုင်ခွဲရှိသော မြေသားလမ်းကို ကျောက်ခင်းရန်အတွက် ဦးမြတ်သာ-ဒေါ်ရီရီ မိသားစု ပုဇွန်တောင်က ငွေကျပ် ၂၀၀၀၀၊ ဦးမြင့်သိန်း-ဒေါ်စောမြတ် ရွှေဘုံသာလမ်းက ငွေကျပ် ၁၀၀၀၀၊ ဦးခင်ဝင်း-ဒေါ်ကြည်ကြည်ငွေ အရှေ့ရန်ကင်းက ငွေကျပ် ၁၀၀၀၀၊ ဦးကျော်စိန် အမှတ်၆၃ လသာမြို့နယ်က ငွေကျပ် ၁၀၀၀၀၊ ဦးသန်းဇော်(မွန်လေး) အမှတ် ၂၀ ဗဟိုလမ်း တာမွေမြို့နယ်က ငွေကျပ် ၅၀၀၀ တို့ကို ပဓာန နာယကဆရာတော်ထံ လာရောက်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း-၀၉ ၅၀၀ ၁၀၈၀၊ ဦးစောမောင်-ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

စက်တင်ဘာလ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် **"ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့၊ ပညာရေးကိုမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း၊ ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေး ကြိုက်နှစ်သက်ရာဖြင့် A4 အရွယ်အစား စာမျက်နှာ တစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင် (မူရင်းနှင့် မိတ္တူ)၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (၁ လက်မခွဲ၊ ၂ လက်မ)သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်ပြီး ဦးစောအောင် ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ၄၂၆ ပြည်လမ်း တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၂ ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဦးစောအောင် ဖုန်း-၅၀၃၉၈၇ နှင့် ၅၀၂၀၇၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ကွန်ပျူတာ အခြေခံသင်တန်းနှင့် G.P.S Short Course သင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဆင်းပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၀ တို့ တက်ရောက်ကြပြီး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီက သင်တန်းဆင်း အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

AIDS ရောဂါတားဆီးကာကွယ်ရေး နှိုးဆော်ချက်(၂)

AIDS ရောဂါသည် အသက်အရွယ်၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေး ကူးစက်နိုင်သည်။ AIDS ရောဂါဖြစ်ပွားစေသည့် HIV ပိုးကူးစက် ခံရသူအများစုမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များဖြစ်ကြသည်။ လူငယ်များသည် စူးစမ်းလိုသည့်စိတ်ရှိခြင်း၊ မှန်ကန်သည့် မျိုးဆက်ပွား ကျန်းမာရေးအသိပညာများမရှိခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းတို့ကြောင့် ရောဂါ ပိုမိုကူးစက်ခံရသည်။

ထို့ကြောင့် AIDS ရောဂါ တားဆီးကာကွယ်နိုင်ရန်-

(၁) AIDS ရောဂါ ကူးစက်ပုံအကြောင်း သေသေချာချာလေ့လာ၍ မိမိတို့အပြုအမူများကို ဆင်ခြင်နေထိုင်ပါ။

(၂) အန္တရာယ်ရှိမည့် လိင်မှုဆိုင်ရာအပြုအမူများကို လုံးဝရှောင်ကြဉ်ပါ။ တစ်ကြိမ်တစ်ခါမှ မစွန့်စားပါနှင့်။

(၃) နောက်ကြောင်းရာဇဝင်မသိသူနှင့် လိင်မဆက်ဆံပါနှင့်။ မဆင်ခြင်နိုင်ပါက အကာအကွယ်ပစ္စည်း(ကွန်ဒုံး) အသုံးပြုပါ။

(၄) မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။

(၅) ရောဂါကူးစက်မှုနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို လူကြီးမိဘ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါကာကွယ်တားဆီးရေးအတွက် လေ့ကျင့်သင်ကြားထားသည့် သူငယ်ချင်းအပေါင်းအသင်းများနှင့် ဆွေးနွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား စုစုပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဩဂုတ် ၁ရက်က ရွှေနံ့သာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့် စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ်ရုံး ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့် ရှောက် ရေး အသင်း၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အ ခမ်း အ နား တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၆ ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို နံနက် ၈နာရီတွင် စတင်ကျင်းပရာ အကဲဖြတ်ဒိုင်များအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ကလေးအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာအက်စ်ကျော်လှ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မေမာလာဆွေတို့က ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် သုံးဦးစီကဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဖွင့်အမှာစကားပြော

ထို့နောက် ကမ္ဘာ့မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို နံနက် ၉နာရီ ခွဲတွင် ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာ စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲတွင်ဆုရရှိကြသူများအား ဆုများကိုချီးမြှင့်ရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပထမဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဒုတိယဆုရရှိသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ တတိယရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့နှင့် နှစ်သိမ့်ဆုရရှိသည့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သီတဂူကြယ်တစ်ပွင့် ပြည်ပခရီးမှပြန်လည်ကြွရောက် မေတ္တာအခါတော်နေ့တွင် တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၂

မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်းငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မ ဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျယ်လိစ်မြို့သို့ ကြွရောက်ရာမှ ယနေ့နံနက်ပိုင်းက ပြန်လည်ကြွရောက်လာပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ သီတင်းသုံးနေစဉ် လော့စ်အိန်ဂျယ်လိစ်မြို့၊ ဆန်ဖရန်စစ္စကိုမြို့၊ ဖရီးမောက်မြို့၊ ဝပ်စကိုဘီးနားမြို့၊ နော့ဝပ်မြို့များ၌ တရားတော်များ ဟောကြားတော်မူခဲ့သည်။

ယခုအခါ မန္တလေး ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိပြီး ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)မွန်းလွဲ၂နာရီ ချမ်းသာကြီးဘုရား မန္တလေးနှင့်၄င်းည၇နာရီ အရှေ့အရာတော်ရပ် မန္တလေးတို့၌ တရားတော်များဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဉာဏ်စမ်းပဟေဠိပြိုင်

၂၀၀၆ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ၂၀၀၆ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် အထိမ်းအမှတ်ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသပညာရည်မြင့်မားရေး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးရွာများရှိ မူလတန်းကျောင်းများသို့ စာသင်ခုံများလှူဒါန်း

နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဇူလိုင်၃၀ရက် နံနက်ပိုင်းက သီပေါမြို့ အမှတ်(၄)အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးရွာများရှိ မူလတန်းကျောင်းများသို့ စာသင်ခုံများပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ကျေးလက်ဒေသမူလတန်းကျောင်းများသို့ ကျေးလက်ဒေသပညာရည် တိုးတက်မြင့်မားရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကူညီပံ့ပိုးဆောင်ရွက်မှုများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးမှ ကျေးရွာမူလတန်းကျောင်းများတွင် လိုအပ်လျက်ရှိသော စာသင်ခုံများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သီပေါမြို့နယ် အတွင်းရှိ ကျေးရွာ မူလတန်းကျောင်းများအတွက် သီပေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပြုံးချိုက စာသင်ခုံ ၁၆၆ခုံကို လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက လက်ခံရယူသည်။ ကျောင်းသားမိဘများကိုယ်စားမိဘတစ်ဦးက ပညာရေးအလှူငွေကျပ် ၂၄၅၀၀၀ ကိုပေးအပ်ရာ မြို့နယ် ပညာရေးမှူးက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကျောက်မဲမြို့နယ် အမှတ်(၁)အခြေခံမူလတန်းကျောင်း၌ ကျင်းပသော ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်/ကျေးရွာများမှ မူလတန်းကျောင်းများအတွက် စာသင်ခုံလှူဒါန်းပွဲသို့ တက်ရောက်သည်။ ရှေးဦးစွာ အခမ်းအနား၌ ဝန်ကြီးမှ အမှာစကားပြောကြား၍ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောက်မဲခရိုင်အတွင်းရှိ ကျေးရွာမူလတန်းကျောင်းများ၌ လိုအပ်နေသော စာသင်ခုံများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ဆက်လက်၍ ကျောက်မဲခရိုင်အသင်း အတွင်းရေးမှူး ဦးကိုကိုက စာသင်ခုံ ၃၁၅ခုံကို လှူဒါန်းရာ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးမြတ်ထွဋ်က လက်ခံရယူသည်။ ဆက်လက်၍ ကျောင်းသား မိဘများက ပညာရေးအလှူငွေကျပ် ၃၈၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူး ဦးဟောက်ရှန်က လက်ခံရယူသည်။

ပို့ဆောင်ပေး

အဆိုပါ ကျေးရွာ မူလတန်းကျောင်းများအတွက် စာသင်ခုံများပေးအပ်လှူဒါန်းခြင်း အခမ်းအနားများသို့ သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား မိဘများ၊ ဆရာ ဆရာမများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ တက်ရောက်ကြပြီး ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျေးရွာ မူလတန်းကျောင်းများအတွက် စာသင်ခုံ စုစုပေါင်း ၄၈၁ ခုံ လှူဒါန်းခဲ့ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များမှ စာသင်ခုံများကို ကျေးရွာမူလတန်းကျောင်းများအရောက် ပို့ဆောင်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်) အသင်းပိုင်အစည်းအဝေးခန်းမအတွက် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ကြ

ရန်ကုန် ဩဂုတ် ၂

ဧရာဝတီတိုင်း ပုသိမ်မြို့ မဟာဗန္ဓုလလမ်း အမှတ်(၂၂/က)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)မှ အသင်းပိုင်အစည်းအဝေးခန်းမဆောင်ကြီးတစ်ဆောင်ကို ၂၀၀၅ခုနှစ် မေလမှစ၍ အလှူရှင်များ လှူဒါန်းငွေ ကျပ်သိန်းလေးရာဖြင့် ဆောက်လုပ်ခဲ့ရာ ၉၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

လှူဒါန်းနိုင်

အဆောက်အအုံကြီးပြီးစီးသွားပါက မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ နှစ်ပတ်လည် ညီလာခံများကိုလည်း စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆောက်အအုံကြီးအား ယခုနှစ်အတွင်းအပြီးတည်ဆောက်ရန် ရည်မှန်းထားပြီး ပါဝင်လှူဒါန်းလိုသူ အလှူရှင်များသည် အကြော-အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေ ဖုန်း ၀၄၂-၂၄၂၈၂၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ကြည်ဝင်း ဖုန်း ၀၄၂-၂၁၂၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုသိမ်မြို့တွင် ဆောက်လုပ်လျက်ရှိသော မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)၏ အစည်းအဝေးခန်းမဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၂

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့သည်။

ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၃ရက် ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဩဂုတ်၂ရက်၌ မိုးရွာသွန်းလေသမျှ

ဗန်းမော်	၂ ဒသမ ၈၀ လက်မ	ဝမြို့	၁ ဒသမ ၇၃ လက်မ
စစ်တွေ	၂ ဒသမ ၈၀ လက်မ	မိုးကုတ်	၁ ဒသမ ၅၃ လက်မ
မြစ်ကြီးနား	၁ ဒသမ ၈၁ လက်မ	သထုံ	၁ ဒသမ ၄၅ လက်မ
တောင်ငူ	၁ ဒသမ ၇၇ လက်မ	ကလေးဝ	၁ ဒသမ ၂၂ လက်မ

ပြည်ထောင်စုစိတ်ဓာတ်ပန်းရနံ့များ သင်းပျံ့မွှေးထုံနေမည့် ငြိမ်းချမ်းရေးပန်းခင်းများ

မြင့်စိုး (နတလ)

(၁)

ကျွန်တော့်အသက် ခြောက်နှစ်၊ ခုနစ်နှစ်လောက်တွင် ရွာလယ်မှ ဖြတ်သန်းသွားသော သောင်းကျန်းသူများကို စတင်မြင်ဖူးသကဲ့သို့ ထိုအသက်အရွယ်၌ပင် အလင်းဝင်လာကြသော ဗကပအဖွဲ့ကို မြင်ဖူးခဲ့သည်။ ရွာကလူကြီးတွေကတော့ ဆရာသိန်းအဖွဲ့ဟု တီးတိုးတီးတိုး ပြောနေကြသော်လည်း ဘယ်သူက ဆရာသိန်းဖြစ်မည်ကို ကျွန်တော်တို့ စိတ်မဝင်စားခဲ့ပါ။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် စိတ်ဝင်စားနေသည်မှာ ထိုအဖွဲ့တွင် ခေါင်းကြီးကိုယ်သေး ကလေးတစ်ယောက်ပါလာသည်ဆိုခြင်းပင်။ တွေ့ပါပြီ၊ ရောဂါကြောင့်လား၊ အာဟာရချို့တဲ့၍လား မသိ။ ထိုကလေးသည် အမှန်တကယ် ခေါင်းကြီးကြီး၊ ကိုယ်က သေးသေး ပိန်တာရိုးလေး ဖြစ်လို့နေသည်။

အလင်းဝင်အဖွဲ့နှင့်အတူ ဆင်တွေလည်း ပါလာသေးရာ ရွာလယ်က ဘကြီးဘကျော်၏ ခြံဝင်းထဲတွင် ကျွန်တော်တို့ကလေးများနှင့် တရုန်းရုန်းဖြစ်နေတော့သည်။ မကြာမီ သူတို့စားဖို့ ထမင်းထုပ်တွေ ရောက်လာသည်။ သူတို့ကိုပေးဖို့ ဒန်အိုး၊ ဒန်ခွက် အဝတ်အထည်နှင့် စောင်များ ရောက်လာကြသည်။ ကျန်တာတွေ သိပ်မမှတ်မိတော့။ ဤကား လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်က ကျွန်တော် ပထမဦးဆုံး မြင်ဖူးတွေ့ဖူးခဲ့သော ငြိမ်းချမ်းရေးအငွေ့အသက်ပါသည့် မြင်ကွင်း တစ်ခုပင်တည်း။

သို့သော် ယင်းမြင်ကွင်းပုံရိပ်မျိုး ထပ်မံမကြုံရတော့ပါ။ အနောက်ရိုးမဘက်၌ သောင်းကျန်းသူတို့၏ သေနတ်သံများ ပို၍ ပို၍ ဆူညံလာသလို ထင်ရသည်။ တချို့ရွာတွေ မီးရှို့ခံကြရသည်။ ပြည်သူ့စစ်စခန်း ရှိသော ရွာတွေကို ဝင်စီးပြီး လလသသဆိုင်နှင့် ပြည်သူပိုင် လယ်ထွန်စက်ကြီးများကို မီးတင်ရှို့ကြသည်။ တပ်မတော်စစ်ကြောင်းများ မရှိခိုက် တိတ်တဆိတ် ရွာထဲဝင်ကာ လူတွေဆွဲသွားသည်။ တောင်ပေါ်သို့ သစ်ဝါးသွားခုတ်သူများအနေဖြင့်လည်း ဒုက္ခအမျိုးမျိုး ကြုံကြရသည်။

သည့်နောက်တွင် တပ်မတော်၏ စစ်ဆင်ရေးများ၌ ပြည်သူလူထုက တစ်ခဲနက်ပါဝင်လာကြသည်။ တစ်နည်းဆိုရသော် ပြည်သူ့စစ်မဟာဗျူဟာကို ပြက်ပြက်ထင်ထင် သိမြင်လေ့လာခွင့် ရခဲ့ခြင်းပင်။ လက်ဆင့်ကမ်း ပိတ်ဆို့ရေးဆိုသည်နှင့်အညီ လက်ချင်းဆက်၊ လက်ချင်းယှက် ဝိုင်းဝန်းပိတ်ဆို့နိုင်သည်အထိ ပြည်သူလူထုအင်အားက ထောင်နှင့် သောင်းနှင့်ချီ၍ ပါဝင်ခဲ့ကြ၏။ ပြည်သူ့စွမ်းအားကြောင့်ပင် ဧရာဝတီတိုင်း၌ သောင်းကျန်းသူများ အမြစ်ပြတ်ခဲ့ရသည်ဆိုလျှင် မှားမည် မထင်ပါ။ အောင်ပွဲအခမ်းအနားများကို တိုင်းလုံးအနှံ့ ခြိမ့်ခြိမ့်သဲသဲ ဝှဲချီးကျင်းပခဲ့ကြ၏။ အားလုံးပျော်ရွှင်ဝမ်းသာခဲ့ကြသည်။ ထိုစဉ်ကာလ ငြိမ်းချမ်းရေးပုံရိပ်များသည် ကျွန်တော့်နှလုံးသား၌ ယနေ့ထက်တိုင် တဖျပ်ဖျပ် လူးလွန့်လှုပ်ရှားနေဆဲ၊ အမှတ်ရနေဆဲဖြစ်သည်။

(၂)

အမှန်အတိုင်းဝန်ခံရလျှင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အသီးသီးနှင့် မျက်မှောက်ခေတ်လို ငြိမ်းချမ်းရေးရလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော်မထင်ခဲ့မိပါ။ အချိန်ရှိသရွေ့ တိုက်ကြခိုက်ကြရင်းနှင့်ပဲ ရှေ့ခရီးဆက်ရလိမ့်မည်ဟု ထင်မိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တန့်ယန်းမြို့ အရှေ့ဘက်ယွန်းယွန်း သံလွင်မြစ်ကမ်း တစ်လျှောက်ရှိ စခန်းများကို တာဝန်ယူထားရသည်။ ဗကပထုံးစံအတိုင်း အရေးအခင်းနှင့် အချိန်ကိုက် ကျွန်တော်တို့ စခန်းတစ်ခုခုကို လာတိုက်နိုင်၍ သတိကြီးစွာ ထားရသေး၏။ ထိုအချိန်မှာပင် ကိုးကန့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့်သတင်းကို မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်သွားခဲ့သည်။ မင်္ဂလာရှိလိုက်ပါဘိခြင်း။

ဆက်တိုက်ဆိုသလို "ဝ"၊ ရှမ်းနှင့် အခါ၊ SSA တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဆက်တိုက်ဝင်ရောက်လာကြသည်။ ကိုးကန့်ဒေသ၊ ဆီလူး၊ မိုင်းလားဒေသမှ တိုင်းရင်းသား ပြည်သူတွေ မည်မျှဝမ်းသာ ပျော်ရွှင်ကြမည်ကို မှန်းဆပြီးပျော်ခဲ့ရသည်။ "ဝ"၊ SSA အဖွဲ့များနှင့် မပြတ်ထိတွေ့နေရသော ကျွန်တော်တို့ တန့်ယန်းဒေသမှ နယ်မြေခံလူထု၏ အပြုံးအပျော်များကို အံ့ဘနန်း တွေ့မြင်ခဲ့ရသည်။ မျှဝေခံစားခဲ့ရသည်။

များမကြာမီပင် SSA အဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များ တန့်ယန်းရှိ နယ်မြေခံတပ်ရင်း ရန်အောင်မြင်ရိပ်သာသို့ ရောက်လာကြသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ သူတို့ရောက်လာရသော နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ပန်ဆန်း (ယခင်ဗကပ ဌာနချုပ်)မှ ဆင်းလာမည့် ၎င်းတို့၏ ဇနီး၊ သား၊ သမီးများကို ကြိုခေါ်ရန်ပင်တည်း။ ထိုအဖွဲ့သည် ခြေကျင်တစ်မျိုး၊ လား၊ မြင်းများစီး၍ တစ်သွယ်ဖြင့် ပန်ဆန်းမှ ဝိန်းကောင်-မန်မန်ဆိုင်-လွယ်ပန်လုံ-ပန်ဖိန်း လမ်းကြောင်းအတိုင်း တာကော်အက်ကူးတို့ဆိပ်သို့ ဆင်းလာကြသည်။ ထိုအချိန်က တာကော်အက်တံတားနှင့် တာကော်အက်-ပန်ဆန်းလမ်းသည် ဘယ်နားနေမှန်းပင်မသိ။ သံလွင်မြစ်ကို ပွန်တွန်းကူးတို့ဖောင်ဖြင့် ကူးရ၏။ သူတို့အဖွဲ့ကို တန့်ယန်းအရောက် ကျွန်တော့်တပ်ခွဲဖြင့် ကြိုခေါ်ပေးရသည်။ တော်တော်များများမှာ တန့်ယန်း၊ မိုင်းရယ်ဇာတိဖွားများဖြစ်၍ ကူးတို့ဆိပ်မှာပင် စောင့်ကြိုနေသော ဆွေမျိုးများနှင့် ပြန်ဆုံကြပြီ။ ဝမ်းပန်းတသာ အော်ဟစ်နှုတ်ဆက်ပွေ့ဖက်ငိုယိုကြသည်။ တပ်ရင်းမှူးက ညစာဖြင့် တည်ခင်းဧည့်ခံသည်။ အားလုံးမိသားစုများပမာ ပျော်ပျော်ရွှင်ရွှင် ချစ်ခင်ရင်းနှီးစွာ သုံးဆောင်ခဲ့ကြသော ထိုနေ့ညစာသည် ပို၍ချိုမြိန်နေသယောင်ပင်။

(၃)

တန့်ယန်းဒေသအကြောင်းကိုပြောလျှင် လွယ်မော်အဖွဲ့အား ချန်လှပ်ထား၍ မရပေ။ အကြောင်းမှာ တန့်ယန်းဒေသသည် လွယ်မော်အဖွဲ့ သန္ဓေတည်ရာ၊ ဦးခွန်ဆာမွေးဖွားရာ ဇာတိဖြစ်နေ၍ပင်တည်း။ ထိုစဉ်က တန့်ယန်း၊ မိုင်းရယ်၊ မုံးဟင်၊ မုံးဟ၊ မုံးတောင်း၊ မုံးမားဒေသများ၌ SUA မြောက်ပိုင်း(ဗဟို)အဖွဲ့လှုပ်ရှားသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ကိုးကန့်၊ "ဝ"၊ SSA နှင့် KDA အဖွဲ့တို့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသောအခါ ထိုဒေသတွင် ထီးထီးကြီး ကျန်ရှိနေသော လွယ်မော်သည် သူ၏ရပ်တည်ရေးကို အလေးအနက် စဉ်းစားရပြီ။ SUA မြောက်ပိုင်း(ဗဟို)မှ လွယ်မော်ခေါင်းဆောင်ပိုင်းသည် ကျေးရွာလူကြီးများထံ ချဉ်းကပ်၍ အခြေအနေကို လေ့လာစူးစမ်းသည်။ ဒေသခံ တိုင်းရင်းသား ပြည်သူများကလည်း အခွင့်သာခိုက် ငြိမ်းချမ်းရေး စကားလုံးများနှင့် လမ်းခင်းပေးသည်။ ထိုစကားများ သူတို့နားသို့ ပေါက်ကြောင်း တစ်ဆင့်စကား ပြန်လည်ကြားရလေသည်။

တန့်ယန်းဒေသနှင့် ခေတ္တအဆက်ဖြတ်၍ ကျွန်တော်တို့ ရောက်ရှိသွားသောနေရာသစ်မှာ PSLA အဖွဲ့လှုပ်ရှားရာ၊ တစ်နည်းအားဖြင့် ရွှေဖီရနံ့များ သင်းပျံ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နမ့်ဆန်ဒေသ ဖြစ်သည်။ နောက်လေးလခန့်အကြာမှာပင် ဦးအိုက်မုန်းခေါင်းဆောင်သော PSLA အဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြန်သည်။ နမ့်ဆန် မြို့တွင်းသို့ သူတို့အဖွဲ့ ဝင်ရောက်လာချိန် ဒေသခံတိုင်းရင်းသား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ဘာသာတရား ကိုင်းရှိုင်းသူများပီပီ နမ့်ဆန်မြို့လယ်ရှိ ဘုန်းတော်ကြီးကျောင်းသို့ ဦးစွာ သွားရောက် ဖူးမြော်ကန်တော့ကြသည်။ သင်္ကြန်ရက်များအတွင်း သူတို့ အဖွဲ့နှင့်အတူ ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ ရိုးရာအကများနှင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထိုနှစ်သင်္ကြန်ပွဲတော်သည် ကျွန်တော့် ဘဝတွင် အမှတ်တရ မှတ်တိုင်တစ်ခုပါပေ။

ထိုကဲ့သို့ ငြိမ်းချမ်းသော၊ အေးမြလန်းဆန်းသော သင်္ကြန်ပွဲတော်မျိုး နောက်တစ်ခုကို ၁၉၉၆ ခုနှစ်တွင် ပါဝင်ဆင်နွှဲခွင့် ကြုံခဲ့ပြန်သည်။ နေရာကား ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသ၌ဖြစ်၏။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ဦးခွန်ဆာခေါင်းဆောင်သော MTA အဖွဲ့ကြီးတစ်ခုလုံး အကြွင်းမဲ့ လက်နက်စွန့်ခဲ့ကြသည်။

(၄)

ကျွန်တော် နတလသို့ ပြောင်းရွှေ့ပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၌ ကျွန်တော်တို့အဖွဲ့ ရဟတ်ယာဉ်နှစ်စင်းဖြင့် ဟိုမိန်းသို့ ရောက်ရှိသွားသည်။ MTA တပ်ဖွဲ့ဝင်များအနက် အချို့က နေရပ်သို့ ပြန်ကြမည်။ အချို့က ဟိုမိန်းနှင့်မုံးထော်/မုံးထဒေသတွင် အခြေပြုနေထိုင်ကြမည်။ အချို့ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မန်ပန်နှင့်မုံးဟင်/မုံးဟဒေသများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွှေပြည်အေး(ကသဲကွင်း) နှင့် နားရိုင်းဒေသများတွင် အခြေချနေထိုင်ကြမည်။ ထိုအရပ်၊ ထိုဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ကြမည် စသည့်များပြားစွာသော ယုံကြည်ချက်၊ ရည်ရွယ်ချက်တို့ကို ပွေ့ပိုက်လျက် ထွက်ခွာသွားကြသည်ကို တွေ့မြင်ရသည်။ ဟိုမိန်းတွင် ကျန်နေခဲ့သူများလည်း မနည်းပါ။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နတလ၊ လဝက၊ ထွေ/အုပ်၊ အကောက်ခွန်၊ တရားရေး၊ ဥပဒေစသည့် အဖွဲ့အစည်းများ စုပေါင်းထားသော ကျွန်တော်တို့အဖွဲ့သည် မိမိတို့ဆိုင်ရာ ဆိုင်ရာ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ကြသည်။ နတလအနေဖြင့် စာသင်ကျောင်းများ ဖွင့်လှစ်ရန်၊ ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ရန်၊ စာတိုက်နှင့် ကြေးနန်းရုံးများ ဖွင့်လှစ်ရန် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် စိုက်ပျိုးရေး လုပ်ငန်းဘက်သို့ လှည့်သည်။ နတလလုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် လက်တွန်းထွန်စက်များ၊ ဓာတ်မြေဩဇာများ အလုံအလောက် ကူညီပံ့ပိုးပေးသည်။ ရေအားလျှပ်စစ် တိုင်းတာရေးလုပ်ငန်းများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ဖွင့်လှစ်ပြီး ကျောင်းများ အတွက် ဆရာ၊ ဆရာမများကိုလည်းကောင်း၊ ဆေးရုံ၊ ဆေးခန်းများ အတွက် ဆရာဝန်နှင့်သူနာပြုများ၊ ဆေးဝါးများကိုလည်းကောင်း ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးသည်မှာ နိုင်ငံတော်၏ စေတနာပင် မဟုတ်ပါလား။

(၅)

ဤသည်တို့ကား ကျွန်တော်ထိတွေ့ဖြတ်သန်းခဲ့ဖူးသော ငြိမ်းချမ်းရေးပန်းခင်းများပေတည်း။ ယနေ့ နိုင်ငံတော်တစ်ဝန်းလုံး၌ ဖူးပွင့်ဝေဆာ ရောင်စုံဖြာနေသော ငြိမ်းချမ်းရေးပန်းခင်းများစွာကို တွေ့မြင်ကြရမည် ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ကယားဒေသ၌ KNG အဖွဲ့သည် ၁၉၉၂ ခုနှစ်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ယင်းနောက် ကလလတ၊ ကယန်းပြည်သစ်ပါတီ၊ KNPP °°တို့ ဝင်ရောက် လာကြသည်။ ထို့အတူ ၁၉၈၀ ပြည့်လွန်နှစ်များ၌ မကြာခဏဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ရသော ပအိုဝ်းဒေသအတွင်းမှာလည်း PNO အဖွဲ့ သည် ၁၉၉၁ ခုနှစ်တွင် လည်းကောင်း၊ ရလလဖအဖွဲ့သည် ၁၉၉၄ ခုနှစ် တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။

အလားတူ ကချင်ဒေသ၌ NDA နှင့် KIA အဖွဲ့များ၊ မွန်ပြည်နယ် အတွင်း၌ မွန်ပြည်သစ်ပါတီ၊ ရခိုင်ပြည်နယ်အတွင်း၌ ဗကပ (ရခိုင်ပြည်နယ်)အဖွဲ့ စသည်တို့မှာလည်း တရားဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ ဦးသာထူးကျော် ခေါင်းဆောင်သော DKBA အဖွဲ့က နိုင်ငံတော်နှင့်လက်တွဲပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့သည်။ ဖဒိုအောင်ဆန်းခေါင်းဆောင်သော ဘုရားကုန်း ငြိမ်းချမ်းရေး အဖွဲ့၊ ဦးစောသမူဟဲ၏ ဟောင်သရောအထူးဒေသအဖွဲ့၊ သံတောင်မြောက်ပိုင်းမှ ဦးကိုကြီးအဖွဲ့နှင့် ဦးစောဖဲရီမိုးအဖွဲ့တို့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ထို့အပြင် ကယား ပြည်နယ်အတွင်း၌ KNPP မှ ခွဲထွက်၍ ငြိမ်းချမ်းရေးရယူခဲ့သော အဖွဲ့များ၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသများအတွင်း ငြိမ်းချမ်းရေး ရယူခဲ့ကြသည့် အဖွဲ့ငယ်များစွာ ရှိနေကြသည်။

ကျွန်တော်ငယ်စဉ်က လဲချား/မိုင်းကိုင်ဒေသတွင် ကာလအတန်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မိုင်းကိုင်မြို့မှ လှမ်းမြင်နေရသော ဆင်တောင်ကြီးကို ခေါင်းပိုင်းကကျော်၊ အမြီးပိုင်းကဖြတ်နှင့် ဝင်ထွက်သွားလာခဲ့သည်။ ဝမ်ဖွီး(ကဖွီး)ရွာ၊ ခဲအွန်အွေ့၊ ဆုံလော၊ မိုင်းယွမ်း၊ ဆန်ဟရွာများဘက်သို့လည်း ခြေရာချင်းထပ်ခဲ့ကြသည်။ ထိုဒေသများသည် ပုံမှန်အားဖြင့်ဆိုလျှင် ဗကပ မရှိတော့သည့်နောက် SSA၊ SURA၊ လွယ်မော်အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးနောက် အေးချမ်းဖို့ပဲရှိသည်။ တစ်စတစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့ ပဲရှိသည်။ သို့သော် (SSA-S)ရွက်ဆစ်အဖွဲ့ ထိုနယ်မြေများသို့ ထိုးဖောက်ဝင်ရောက်လှုပ်ရှားလာသောအခါ အေးချမ်းမှုတို့ ပျက်သုဉ်းခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုအရှိန် ရပ်တန့်ခဲ့ရသည်။ ထိုမျှမက ရွက်ဆစ် အဖွဲ့သည် ဝမ်ဖွီးရွာအနီး၌ ဘိန်းဖြူချက်လုပ်ရန်ကိုပင် အားထုတ်ကြံစည်ခဲ့ကြောင်း သိရသောအခါ အံ့ဩမိ၏။ အမှန်က လဲချားမြို့နှင့် ဆလိုင်းခုံရွာအကြားရှိ ဝမ်ထီရွာပျက်ကြီးကို ဖြတ်သန်းသွားဖူးရုံမျှနှင့်ပင် အသိတရားတွေ ရသင့်သည်။ ဗကပလက်ထက် တိုက်ပွဲများ မကြာခဏဖြစ်လွန်း၍ ရွာပျက်သွားခြင်းပင်။ ဆေးရုံဖွင့်လှစ်ခွင့် ရရှိထားသော ရွာကြီးတစ်ရွာ၊ ထိုမှရွာပျက်သွားသောအခါ ယင်းဆေးရုံ ဖွင့်လှစ်ခွင့်ကို ကျိုင်းတောင်းသို့ ပြောင်းရွှေ့ချထားပေးလိုက်ရသည်။ အကယ်၍သာ နယ်မြေအေးချမ်းသာယာခဲ့ပါမူ ကားလမ်းပေါ်ရှိ ဝမ်ထီရွာသည် လဲချား/မိုင်းကိုင်ကဲ့သို့ မြို့ဖြစ်မလာဟု မည်သူပြောနိုင်ပါအံ့နည်း။

ယခု လဲချား/မိုင်းကိုင်ဒေသတွင်း ငြိမ်းချမ်းရေးပန်းခင်းတစ်ခု ထပ်မံဖြစ်တည်ခဲ့ပေပြီ။ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့၌ (SSA-S) ရွက်ဆစ်အဖွဲ့မှ ဒု-စစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈)တပ်မဟာမှူး ဦးမိန်းစင် ဦးစီးတပ်ဖွဲ့ဝင်အင်အား ၈၄၈ ဦးသည် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ နယ်မြေလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ လှိုက်လှဲ ဝမ်းသာဖြစ်ကြရသည်။ ဦးမိန်းစင်တို့အဖွဲ့ကလည်း ဒေသဖွံ့ဖြိုးရေးကို လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုကြသည်။ နိုင်ငံတော် အစိုးရသည် ၎င်းတို့အဖွဲ့၏ စားဝတ်နေရေးနှင့် ရေရှည်ဘဝရပ်တည်ရေး တို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့သည်။

စင်စစ်သော်ကား ငြိမ်းချမ်းရေးပန်းခင်းဟူသည် ကြီးသည်ငယ်သည် ပဓာနမကျ၊ အရေးကြီးဆုံးမှာ ငြိမ်းချမ်းရေးပန်းခင်းတိုင်း၌ ပြည်ထောင်စု စိတ်ဓာတ်ပန်းရနံ့များ ထာဝစဉ်သင်းပျံ့မွှေးထုံနေရေးပင်တည်း။ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်တွဲ ညီညီ တစ်စိတ်တစ်ဝမ်းတည်း ကာကွယ်စောင့်ရှောက်သွားရမည်မှာ နိုင်ငံသား အားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်ပေသည်။ ။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လတ်တလောဖြစ်ပွားခဲ့သည့် မှုခင်းများ

ရန်ကုန်တိုင်းရဲတပ်ဖွဲ့က အချိန်တိုအတွင်း ဖော်ထုတ်နိုင်၍အသိအမှတ်ပြု

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်ပြည့်ဝသော ရဲတပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားကာ ဆုငွေများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေသည့် အခါသမယတွင် နိုင်ငံတော်အနေဖြင့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ကာ ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံရေးဦးတည်ချက်လေးရပ်တွင် ပထမအချက်ဖြစ်သည့် "နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး"ကို ထိပ်ဆုံး၌ထားရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဆုချီးမြှင့်ပေး

မြန်မာနိုင်ငံ၏ စီးပွားရေး မြို့တော်အဖြစ် သတ်မှတ်ခံထားရသည့် ရန်ကုန်တိုင်း နယ်မြေတစ်ခုလုံးကို ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးနိုင်ရန်အတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ဝင်များသည် နေ့ခင်းတပ်မတော်နှင့်အတူလက်တွဲပြီး နေ့မအား ညမနား ဆောင်ရွက်နေကြသည်ကိုအသိအမှတ်ပြုကြရမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများကို အထိတ်တလန့်ဖြစ်စေသည့် လူသတ်မှု၊လုယက်မှုကြီးများကို အချိန်တိုအတွင်း ဖော်ထုတ်နိုင်ခြင်း၊ လတ်တလောဖြစ်ပွားခဲ့သည့် မှုခင်းများကို အချိန်တိုအတွင်းဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အသိအမှတ်ပြု ဆုချီးမြှင့်ပေးရခြင်း ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းမှူးက ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းကိုပေးအပ်ရာ တိုင်းရဲတပ်ဖွဲ့မှူးက လက်ခံသည်။

ပြန်လည်ပေးအပ်

ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူးများက ရန်ကင်းရဲစခန်း(ပ)၄၁၄/၂၀၀၆၊ ပြစ်မှုပုဒ်မ(၃၆၂)အမှုမှတန်ဖိုးငွေကျပ် ၁၁၀၅၀၀၀ရှိသည့် ရွှေဆွဲကြိုးနှစ်ကုံးနှင့် ငွေကျပ်၅၀၀၀ကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်ရဲစခန်း(ပ)၆၂၆/၂၀၀၆၊ ပြစ်မှုပုဒ်မ (၃၈၁) အမှုမှ လက်ဝတ်ရတနာပစ္စည်း၁၇မျိုး တန်ဖိုးငွေကျပ်၁၂၄၅၀၀၀၀ကိုလည်းကောင်း၊ (ပ) ၃၆/၂၀၀၆၊ ပြစ်မှုပုဒ်မ (၃၈၀) အမှုမှ လက်ဝတ်ရတနာပစ္စည်းတန်ဖိုးငွေကျပ်၂၉၈၇၀၀၀၀ ကိုလည်းကောင်း၊ တာမွေ ရဲစခန်း(ပ)၇၈၈/၂၀၀၆၊ ပြစ်မှုပုဒ်မ(၃၈၀)အမှုမှ သက်သေခံငွေများကိုလည်းကောင်း၊ ပန်းဘဲတန်းရဲစခန်း(ပ)၃၆၆/၂၀၀၆၊ ပြစ်မှုပုဒ်မ (၃၈၂)အမှုမှ သက်သေခံပစ္စည်း ရွှေဆွဲကြိုး တစ်ကုံး တန်ဖိုးငွေကျပ် ၄၀၀၀၀၀ကို လည်းကောင်း၊ (ပ) ၃၅၁/၂၀၀၆၊ ပြစ်မှုပုဒ်မ(၃၈၀)အမှုမှ သက်သေခံလက်ဝတ်ရတနာပစ္စည်း မျိုးစုံ တန်ဖိုးငွေကျပ်၃၈၀၀၀၀၀ကို လည်းကောင်း၊ လှိုင်ရဲစခန်း(ပ) ၃၈၈/၂၀၀၆၊ ပြစ်မှုပုဒ်မ(၃၈၀)အမှုမှ လက်ဝတ်ရတနာပစ္စည်းတန်ဖိုးငွေကျပ် ၄၃၁၆၉၀၀ကိုလည်းကောင်း၊ ဗဟန်းရဲစခန်း (ပ)၃၆၅/၂၀၀၆၊ ပြစ်မှုပုဒ်မ (၃၈၀)အမှုမှရတနာပစ္စည်းခုနစ်မျိုး တန်ဖိုးငွေကျပ်၃၅၀၀၀၀၀ကိုလည်းကောင်း၊ အင်းစိန်ရဲစခန်း (ပ) ၁၅၆၄/၂၀၀၆၊ ပြစ်မှုပုဒ်မ(၃၈၀)အမှုမှ လက်ဝတ်ရတနာပစ္စည်းတန်ဖိုးငွေကျပ်၂၈၃၃၀၀၀ကိုလည်းကောင်း မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း

လှိုင်ကော်မြို့နယ် အခြေခံပညာကျောင်းများသို့ စာရေးခုံများလှူ

ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမြင့်ရွှေတို့သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက လှိုင်ကော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လှိုင်ကော်မြို့နယ် အခြေခံပညာ ကျောင်းများသို့ စာရေးခုံများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကား ပြောကြားပြီး အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား ငွေကျပ် ၁၀၅သိန်း တန်ဖိုးရှိ စာရေးစားပွဲအစုံ ၈၇၉ စုံအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်းကျောင်းများသို့ ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၆၃သိန်းတန်ဖိုးရှိ စာရေးခုံ ၄၂၂စုံကို ပြည်နယ် ပညာရေးမှူး ဦးဝင်းတင့်က ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်မြို့ ဇိနောဇယ ဗုဒ္ဓ ရန်ငြိမ်းအောင်တော်မူဘုရားသို့ ရောက်ရှိပြီး ကန္ဒကုဋိတိုက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်အမှာစကားပြော

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လှိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သည့် ကယားပြည်နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက် ၃၃၈၃ခုအတွက် ငွေပဒေသာပင်၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုကက်ဆက်များ၊ စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက ကျေးလက်စာကြည့်တိုက်များအတွက် ငွေပဒေသာပင် ၁၂၉သိန်း၊ ရောင်စုံ ရုပ်မြင်သံကြားဖမ်းစက် ၂၄လုံး၊ ရေဒီယိုကက်ဆက် ၂၃လုံးနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကယားပြည်နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်မှု မှတ်တမ်းဓာတ်ပုံပြပွဲအား ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ခြံစည်းရိုး ကြက်ဆူအပင်ကြီးများ စိုက်ပျိုးထားသည့်စိုက်ခင်းနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ကယားပြည်နယ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းတို့အား ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်ကော်မြို့ လောမ္မရပ်ကွက် အမှတ်(၆)အခြေခံပညာမူလတန်းလွန်ကျောင်း ကိုယ်အားကိုယ်ကိုး ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးပြီးဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က အလှူငွေကျပ် ငါးသိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှိုင်ကော်မြို့နယ် အခြေခံပညာကျောင်းများသို့ စာရေးခုံများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက္ကသိုလ်၊ကောလိပ်များစစ်ဆေး

သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများမှာကြား

ရန်ကုန် ဩဂုတ် ၂

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့ လိုက်ပါလျက်ဇူလိုင်၂၉ ရက်က ကျောက်ဆည်တက္ကသိုလ်သို့ရောက်ရှိပြီး ပင်မ လေးထပ်ဆောင် ရှင်းလင်းခန်းမ၌ ဝန်ကြီးအား ဒုတိယပါမောက္ခချုပ်ဦးခင်မောင်ကျော်က ကျောင်းသားကျောင်းသူနှင့် ဆရာ ဆရာမဦးရေ၊ အဝေးသင်တက္ကသိုလ် အပတ်စဉ် သိပ္ပံလက်တွေ့သင်တန်းများသင်ကြားပို့ချမှုအခြေအနေ၊ စာအုပ်စာစဉ်များ ဖြန့်ဝေမှု အခြေအနေတို့ကို တင်ပြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အဝေးသင်တက္ကသိုလ် သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည်ရတနာပုံတက္ကသိုလ်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒုတိယပါမောက္ခချုပ်ဦးသန်းနွယ်က ရတနာပုံတက္ကသိုလ်၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အဝေးသင်သိပ္ပံ လက်တွေ့တန်းများ ပို့ချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် မန္တလေး တက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၁) သင်တန်းသားသင်တန်းသူများအားတွေ့ဆုံ၍ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို မှာကြားကာ သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်စစ်ဆေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၃၀ရက်တွင်စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီးဝန်ကြီးက အမျိုးသားပညာရည် မြင့်မားရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြား၍ လက်တွေ့ခန်းများကို လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကိုမှာကြားသည်။

တွေ့ဆုံ

ထိုမှ တစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး စစ်ကိုင်းမြို့ပေါ်ရှိအခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ပညာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် စစ်ကိုင်းပညာရေးကောလိပ်သို့ရောက်ရှိပြီး ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများအားတွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

မအူပင်စက်မှုသိပ္ပံ လျှပ်စစ်စွမ်းအားဌာန (၁၉၉၄-၂၀၀၀) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၃၀ ရက်က ကမာရွတ်မြို့နယ် လှည်းတန်းအနီးရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံဆရာကြီး၊ဆရာမကြီးများကိုတပည့် ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းကန်တော့ကြစဉ်။ (က-ပ)

မန္တလေးတိုင်း ကျောက်ဆည်မြို့ လေသာပရိယတ္တိပြန့်ပွားရေးကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဇဝန (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း လောင်းလုံမြို့ ပဥ္စသီမော်ရွာ ခမည်းတော် ဦးရွှေပြည့်-မယ်တော်ဒေါ်သာဝတို့မှ ၁၂၆၇ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် အင်္ဂါနေ့တွင်ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခန်း

ဆရာတော်လောင်းလျာသည် ၁၂၇၇ ခုနှစ်တွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ပဥ္စသီမော်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၈၆ ခုနှစ်တွင် မန္တလေးတိုင်း ကျောက်ဆည်မြို့ မင်းကုန်းဆရာတော် ဘဒ္ဒန္တမေဃဝံသကို ဥပဇ္ဈာယ်ပြု၍ မင်းကုန်းကျောင်း ခဏ္ဍသိမ်၌ ကျောက်ဆည်မြို့ စုကြီးရပ် ဒေါ်ပိုး၊ ဒေါ်လေး၊ ဒေါ်ပေါ ညီအစ်မတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ပဥ္စသီမော်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒ၊ ဘဒ္ဒန္တကေလာသ၊ ကျောက်ဆည်မြို့ မင်းကုန်းဆရာတော် ဘဒ္ဒန္တမေဃဝံသ၊ မန္တလေးမြို့ ဘုရားကြီးတိုက် မြို့အုပ်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ၊ ဟံသာဝတီ ဆရာတော် ဘဒ္ဒန္တကုလ္လသာသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ အမရပူရမြို့ အနောက်တိုက်ဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာ၊ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၀၆ ခုနှစ်တွင် လေသာပရိယတ္တိ ပြန့်ပွားရေးကျောင်းတိုက်ကို စတင်တည်ထောင်ဖွင့်လှစ်၍ စာသင်သား သံဃာတော် ၇၀ ကျော်အထိ တိုးတက်အောင်ဆောင်ရွက်တော်မူပြီး ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ဒုတိယနှင့် တတိယ အကြိမ်တွင် တိုင်းသြဝါဒါစရိယအဖြစ်လည်းကောင်း၊ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ စတုတ္ထ အကြိမ် ဂိုဏ်းပေါင်းစုံတွင် နိုင်ငံတော်သြဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး ပရိယတ္တိ ဝိသာရဒ လဇ္ဇီပေသလ သိက္ခာကာမစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဇဝနအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၅၅ခုနှစ်(၁၉၉၄ ခုနှစ်)တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၅ ခုနှစ်(၂၀၀၄)ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၁၀၄)နှစ်၊ သိက္ခာတော်(၈၄)ဝါအရ(၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၈ရက်)၁-၈-၂၀၀၆ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် သီတင်းသုံးတော်မူရာ လေသာပြန့်ပွားရေး ပရိယတ္တိကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး (ဝါခေါင်လပြည့်ကျော် ၁ ရက်) ၉-၈-၂၀၀၆ ရက်တွင် စံကျောင်းချပူဇော်၍ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်) ၁၈-၁၁-၂၀၀၆ ရက်တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဇဝန ပျံလွန်တော်မူ

ရန်ကုန် သြဂုတ် ၂

နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ လေသာပရိယတ္တိပြန့်ပွားရေးကျောင်းတိုက်မှ ပဓာနနာယက ဆရာတော် သက်တော် (၁၀၄)နှစ်၊ သိက္ခာတော် (၈၄)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇဝနသည် သြဂုတ် ၁ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီး သြဂုတ် ၉ ရက်တွင် စံကျောင်းချပူဇော်၍ နိုဝင်ဘာ ၁၈ ရက်တွင် အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး တံခွန်စိုက်ဒိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၂

၂၀၀၆ခုနှစ်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇူလိုင် ၂၂ရက် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ကြီးတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲအဖြစ် တောင်ကြီးတပ်နယ် နယ်မြေ(၁) အသင်းနှင့် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ဒိုင်းဆုပေးအပ်

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပထမ၊ ဒုတိယနှင့် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသည့် တောင်ကြီးတပ်နယ် နယ်မြေ(၁) အသင်းအား တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက တံခွန်စိုက် ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ပထမအကြိမ် အလွတ်တန်း စနူကာဗိုလ်လုပွဲ အောင်ဌေးနှင့် ရဲထွန်းနိုင်တို့ အနိုင်ရဗိုလ်စွဲ

ရန်ကုန် သြဂုတ် ၂

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် လမ်းမတော်သံဈေး ဘိလိယက်နှင့်စနူကာစင်တာတို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် စနူကာ အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက လမ်းမတော်သံဈေး တတိယထပ်ရှိ ဘိလိယက်နှင့် စနူကာခန်းမ၌ ကျင်းပရာ နှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် အောင်ဌေး(လယ်/ဆည်)နှင့် ရဲထွန်းနိုင် (အာရှဘိလိယက်နှင့် စနူကာကလပ်) အတွဲက အာရှဘိလိယက်နှင့် စနူကာကလပ်မှ ဇော်မင်းဦးနှင့် ကိုပိုင် အတွဲကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားကြသည်။

ဆုပေးပွဲကို ချီးမြှင့်ရာ ပထမရရှိသွားသော အောင်ဌေးနှင့် ရဲထွန်းနိုင်တို့ အတွဲကို မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်က ဆုတံဆိပ်နှင့် ငွေသားကျပ်သုံးသိန်းကို လည်းကောင်း၊ ဒုတိယရရှိသွားသည့် ဇော်မင်းဦးနှင့် ကိုပိုင်အတွဲကို ဒိုင်ချုပ် ဦးဝင်းမြင့်က ငွေသားကျပ်နှစ်သိန်းကိုလည်းကောင်း၊ တတိယဆုရနေသွေးဦးနှင့် သန့်ဇင်ဦး အတွဲကို အာရှဘိလိယက်နှင့် စနူကာစင်တာမှ အထွေထွေ မန်နေဂျာ ဦးဇော်ဦးက ငွေသားကျပ်တစ်သိန်းကို လည်းကောင်း၊ စတုတ္ထရရှိသွားသော ကောက်ကောက်နှင့် ကျော်မျိုးအောင် အတွဲကို ဒိုင်လူကြီး ဦးစိန်ဝင်းက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ယနေ့သိပ္ပံနည်းပညာ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ဂန္ထဝင်တေးသံရှင် မောင်မောင်ကြီးနှင့် တွေ့ဆုံခြင်း
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ထုတ်ဝေသူ ဒေါ်ဝင်းမာတင် ဖွန်ပွင့်စာအုပ်တိုက်နှင့် တွေ့ဆုံခြင်း)
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	သျှိုသျှားမြေမှ စပျစ်ချို
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	Music Gallery (ဘိုဘိုဟန်-ကောင်းဘွိုင် ချစ်သူများ-၂)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ဂက်(စ်)မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅	ဆက်သွယ်လုံခြုံ နည်းအဖုံဖုံ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (ရေဗက္ကဝင်းနှင့် သူမ၏ အနုပညာခရီးလမ်း)
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
၁၁း၅၅	ဆုရအက
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် သြဂုတ် ၂

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင်၂၈ရက်နံနက် ၉နာရီက တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အတန်းလိုက်၊ တစ်ဦးချင်းနှင့် အသင်းလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး စွယ်စုံ တံခွန်စိုက်ဒိုင်းဆုရရှိသွားသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်အောင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားတော်မူမည်

ရန်ကုန် သြဂုတ် ၂

သြဂုတ် ၈ရက် (ဝါခေါင်လပြည့်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ် ဗုဒ္ဓဟူးတန်ဆောင်း၌ ဆရာတော် ရွှေမန်းဦးသူရိယ(ဗဟုဇနဟိတဓရ)နှင့် မအူပင်မြို့ညောင်ဝိုင်း ဓမ္မဒီပကျောင်း ဆရာတော် ဘဒ္ဒန္တကာရုဏိက (တိုင်းသံဃာ့ဝန်ဆောင်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အုတ်ဖိုမြို့နယ် ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ရန်ကုန် သြဂုတ် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ပညာရေးမှူးဒိုင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အလိုက် ဗိုလ်လုပွဲနှင့် တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ ရက်က မြို့နယ်အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးချမ်းအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဆင့်အလိုက် တံခွန်စိုက်ဒိုင်းရရှိသော အသင်းများနှင့် အဆင့်အလိုက် အကောင်းဆုံးအားကစားသမားဆုများကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်ပညာရေးမှူး ဦးချမ်းအောင်တို့က ဆုချီးမြှင့်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

တန်းဆင်း ဂျူဗင်းတပ်စ်မှ ဗီယာရာ အင်တာမီလန်ကစားသမား ဖြစ်လာတော့မည်ဟုဆို

မီလန် ဩဂုတ် ၂

မန်ချက်စတာယူနိုက်တက်အသင်းက စိတ်ဝင်စားနေသော ဂျူဗင်းတပ်စ်ကစားသမား ပက်ထရစ်ဗီယာရာအား ဩဂုတ် ၂ ရက်တွင် အင်တာမီလန်က စာချုပ်ဖြင့် ခေါ်ယူလက်မှတ်ထိုးရန် ယုံကြည်ထားသည်။

အင်တာမီလန်က အလိုရှိနေသော ဂျူဗင်းတပ်စ်မှ ဗီယာရာ၏ ဘောလုံးကွင်းပြင်ပ စတိုင်လ်တစ်မျိုး။

အင်တာမီလန်အသင်း ပိုင်ရှင်မက်စီမိုးမောရတ်တီက ပြောကြားရာတွင် ဗီယာရာသည် ယခုရက်ပိုင်းအတွင်း အင်တာမီလန်အသင်းနှင့် စာချုပ်ပြီး အင်တာမီလန်ကစားသမားဖြစ်လာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဗီယာရာအား ဆေးစစ်မှုခံရန် မီလန်သို့ ခေါ်ထားကြောင်း၊ ယနေ့သည် ဗီယာရာ၏ အဖြူနှင့် အမည်းဝတ်စုံအသင်း၏ နောက်ဆုံးနေ့ ဖြစ်လိမ့်မည်ဖြစ်ကြောင်း မောရတ်တီက ပြောကြားသည်။

ဂျူဗင်းတပ်စ် ညွှန်ကြားရေးမှူးချုပ် ဂျင်းကလောဒီဘလန့်က ဒေးဗစ်ထရက်ဇီဂေးမှာ ကလပ်၌ ဆက်လက်ရှိနေလိမ့်မည်ဖြစ်ကြောင်း အခိုင်အမာပြောကြားလိုက်သည်။

ပက်ထရစ်ဗီယာရာသည် အင်တာမီလန်သို့ ပြောင်းရွှေ့ခဲ့မှုသည် ဂျူဗင်းတပ်စ်၏ ယခုနှစ်ရာသီတွင် နောက်ဆုံးရောင်းချသည့် ကစားသမားဖြစ်လိမ့်မည် ဖြစ်သည်။

ပြင်သစ် ကွင်းလယ်ကစားသမား ဗီယာရာသည် ပြီးခဲ့သော ရာသီက အာဆင်နယ်မှ ဂျူဗင်းတပ်စ်သို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် ယခင်က မန်ယူသို့ပြောင်းရန်လည်း ဆန္ဒရှိခဲ့သူဖြစ်သည်။ ကစားသမားတိုင်းသည် မန်ယူကဲ့သို့ အသင်းမျိုးကို ပြောင်းကစားရန် ဆန္ဒရှိကြလိမ့်မည် ဖြစ်ကြောင်း ဗီယာရာက ပြောကြားသည်။

၎င်းအနေဖြင့် မန်ယူသို့ ပြောင်းလိုသော်လည်း အာဆင်နယ်တွင် ကိုးနှစ်သာကစားခဲ့ပြီးနောက် အခက်အခဲများကို ရှောင်လိုသဖြင့် အင်တာမီလန်၌သာ ကစားရန် ဆုံးဖြတ်ခဲ့ပုံရသည်။

ဂျူဗင်းတပ်စ်အသင်း စီးရီးဘီသို့ ရောက်သွားပြီးနောက် ပြီးခဲ့သောကာလက အီမာဆင်နှင့် ကင်နာဗာရိုတို့သည် ဂျူဗင်းတပ်စ်နည်းပြဟောင်း ကာပယ်လို ပြောင်းရွှေ့သွားသော ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့သည်။ ထိုစဉ်အတွင်း ဇမ်ဘရော့တာနှင့် သူရမ်တို့သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ

မြင့်မောင်စိုး

အာဂျင်တီးနား နည်းပြသစ်

အာဂျင်တီးနား နည်းပြသစ် အယ်လ်ဖီယိုဘေဆယ်

ကမ္ဘာတစ်လွှား အားကစား

အာဂျင်တီးနား နည်းပြအဖြစ် ဘိုကာဂျူနီယာအသင်း နည်းပြအား ရွေးချယ်

ဗျူနို့စ်အဲရိစ် ဩဂုတ် ၂

အာဂျင်တီးနား ဘောလုံးအသင်း နည်းပြအဖြစ် အယ်လ်ဖီယိုဘေဆယ်အား ခန့်အပ်လိုက်ကြောင်း ၎င်းအသင်းက ကြေညာသည်။

အသက် ၆၂ နှစ်အရွယ်ရှိဘေဆယ်အား မကြာသေးမီက ကမ္ဘာ့ဖလားကွာတားဖိုင်နယ်၌ အိမ်ရှင် ဂျာမနီအသင်းကို ပယ်နယ်တီဖြင့် ရှုံးနိမ့်ပြီး နည်းပြအဖြစ်မှ ထွက်သွားသော ဂျို့စ်ပီကာမန်နေရာတွင် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။

ဘေဆယ်သည် ယခင်က အာဂျင်တီးနားအသင်းအား ၁၉၉၁ မှ ၁၉၉၄ အထိ ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး ကိုပါအမေရိကဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

အဆိုပါနည်းပြသည် စက်တင်ဘာ ၁၅ ရက်မှစပြီး ဘိုကာဂျူနီယာအသင်းဥက္ကဋ္ဌအဖြစ်မှ အနားယူလိမ့်မည်ဖြစ်သည်။

အာဂျင်တီးနားအသင်း နည်းပြအဖြစ် ရွေးချယ်ခံရသဖြင့် အလွန်ဝမ်းသာဂုဏ်ယူမိကြောင်း ဘေဆယ်က ပြောကြားသည်။

(အင်တာနက်)

အာဆင်နယ် တိုက်စစ်မှူး အွန်နရီ ချန်ပီယံလိဂ်အဖွင့်ပွဲများနှင့် လွဲမည်

လန်ဒန် ဩဂုတ် ၂

အာဆင်နယ်အသင်းခေါင်းဆောင် သီယာရီအွန်နရီသည် ဩဂုတ် ၈ ရက် သို့မဟုတ် ဩဂုတ် ၉ ရက်တွင်ကစားမည့် ချန်ပီယံလိဂ်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်တွင် ကြွက်သားနာမှုအားနည်းနေသဖြင့် ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ဟု ကလပ်က ပြောကြားသည်။

အာဆင်နယ်တိုက်စစ်မှူး အွန်နရီသည် ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ခြေကုန်လက်ပန်းကျသွားခဲ့၍ ယခုအထိ ရာသီအကြိုပြင်ဆင်လေ့ကျင့်မှုများနှင့် ကင်းကွာနေကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ပြောကြားသည်။

အာဆင်နယ်အသင်းသည် ဒီနာမိုဇာဂရက်အသင်းနှင့် ယှဉ်ပြိုင်ကစားရလိမ့်မည်ဖြစ်သည်။

အာဆင်နယ်အသင်းတွင် ဂိုးသမား လေးမန်းလည်း ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း ကလပ်က ပြောကြားသည်။

အွန်နရီသည် ဩဂုတ် ၂ ရက်အထိ အာဆင်နယ်သို့ ပြန်လာနိုင်လိမ့်မည်မဟုတ်ကြောင်း အာစင်ဝင်းဂါးက အတည်ပြုပြောကြားသည်။

(အင်တာနက်)

အာဆင်နယ် အဓိက မဏ္ဍိုင် ကစားသမား သီယာရီအွန်နရီ။



ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဘောလုံးသတင်းနှင့် နောက်ဆုံးဖြစ်ရပ်များကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

အာဂျင်တီးနားအသင်း နည်းပြသစ်ခန့်ပြီ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်မှာပင် ထွက်ခဲ့ရသော အာဂျင်တီးနားအသင်း၏ နည်းပြ ဂျို့ပီကာမန်၏နေရာကို အစားထိုးရန် အယ်လ်ဖီယိုဘေဆယ်အား ရွေးချယ်တာဝန်ပေးလိုက်ပြီဖြစ်သည်။

အသက် ၆၂ နှစ်အရွယ်ရှိ ဘေဆယ်သည် ယခင်က အာဂျင်တီးနားအသင်းကို ကိုင်တွယ်ခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ အာဂျင်တီးနားနည်းပြအဖြစ် တာဝန်ယူခဲ့ရာတွင် အာဂျင်တီးနားအသင်းအား အမေရိကဖလားရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဘေဆယ်သည် လက်ရှိ၌ ဘိုကာဂျူနီယာအသင်းနည်းပြအဖြစ် တာဝန်ယူနေပြီး ယင်းတာဝန်ကို စက်တင်ဘာ ၁၅ ရက်အထိ တာဝန်ယူနေရမည်ဖြစ်သည်။ သို့သော်လည်း နိုင်ငံ့အသင်းအတွက် ဦးစားပေး ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အာဂျင်တီးနားအသင်းအတွက် နည်းပြအဖြစ် တာဝန်ပြန်လည်ထမ်းဆောင်ရခြင်းအတွက် စိတ်လှုပ်ရှားရကြောင်း ထိပ်တန်းကစားသမားများဖြင့် အာဂျင်တီးနားအသင်းကို ဖွဲ့စည်းပြီး အောင်မြင်မှုရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ဘေဆယ်က ပြောကြားသည်။

ဘိုကာဂျူနီယာအသင်းကလည်း နည်းပြဘေဆယ်ကို သက်တမ်းကုန်သည်အထိ တာဝန်ထမ်းဆောင်ရန် လိုလားလျက်ရှိသည်။

ဂျော်ဂျင်ဟိုအား ဘရာဇီးအသင်း လက်ထောက်နည်းပြခန့်မည်

ဘရာဇီးဘောလုံးအသင်း နောက်တန်းအစွန် ဘောလုံးသမားဟောင်း ဂျော်ဂျင်ဟိုအား ဘရာဇီးဘောလုံးအသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ပေးမည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

ဂျော်ဂျင်ဟိုသည် ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဘရာဇီးအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်သီတင်းပတ်က ဘရာဇီးနည်းပြသစ်အဖြစ် ခန့်ခဲ့သူ ဒွန်ဂါနှင့်အတူ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

မိမိအနေဖြင့် ယခုတာဝန်ကို စိတ်ဝင်စားကြောင်း၊ ပထမဆုံး လက်ထောက်နည်းပြတာဝန်အဖြစ် ဘရာဇီးအသင်းအတွက် ဆောင်ရွက်ပေးရမည်မှာ စိတ်လှုပ်ရှားစရာဖြစ်ကြောင်း၊ ဘရာဇီးအသင်းသည် အမြဲတမ်း အရည်အသွေးမြင့်မားသော ဘောလုံးသမားများကို ပိုင်ဆိုင်ထားသည့်အသင်းဖြစ်ကြောင်း ဂျော်ဂျင်ဟိုက ပြောကြားသည်။

ဂျော်ဂျင်ဟိုသည် ဘရာဇီးရှိ ဖလာမင်ဂို၊ ဆော်ပေါလို၊ ဗာစကိုဒဂါးမားတို့တွင် ကစားခဲ့ဖူးပြီး ဘေယာလေဗာ

ဂျော်ဂျင်ဟို

ကူဆင်၊ ဘေယန်မြူးနစ်အပြင် ဂျပန်နိုင်ငံရှိ ကာရှီမာအင်လာစ်အသင်းတို့တွင်လည်း ကစားခဲ့သည့် ဘောလုံးသမားတစ်ဦးဖြစ်သည်။

အက်လက်တစ်ဘီဘာရီမှ ကာလို့စ်ဂါပီဂီ ဘောလုံးကစားခွင့် နှစ်နှစ်ပိတ်

တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် စပိန်ကလပ် ဘီဘာရီမှ ကွင်းလယ်ကစားသမား ကာလို့စ်ဂါပီဂီအား ဘောလုံးကစားခွင့် နှစ်နှစ်ပိတ်လိုက်ကြောင်း စပိန်တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်သည်။

ကာလို့စ်ဂါပီဂီအား တားမြစ်ဆေးသုံးစွဲမှုစစ်ဆေးချက်ရလဒ်အရ ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်ပြီး သူ၏ အယူခံလွှာကိုလည်း စပိန်တရားရုံးက ပယ်ချလိုက်ကြောင်း ဘီဘာရီကလပ်က ပြောကြားသည်။

ကာလို့စ်ဂါပီဂီသည် ၂၀၀၂-၂၀၀၃ လာလီဂါဘောလုံးရာသီ ပထမပွဲ၌ပင် တားမြစ်ဆေးသုံးစွဲမှု သံသယရှိသဖြင့် စစ်ဆေးခဲ့သည့်အမှုဖြစ်ပြီး ယခုမှပြစ်ဒဏ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးက ဆုကြေးငွေပေးသည့်ကိစ္စ အက်ဖ်အေကစစ်ဆေး

ချယ်လ်ဆီးကစားသမားဟောင်း ဟက်ဆယ်ဘိမ့်က ချယ်လ်ဆီးအသင်းအနေဖြင့် သူ့အား ဆုကြေးငွေပေးခဲ့ကြောင်း ပြောကြားခဲ့သဖြင့် အက်ဖ်အေက စစ်ဆေးမှုများပြုလုပ်မည်ဖြစ်သည်။

လက်ရှိ ချာလ်တန်တိုက်စစ်မှူး ဟက်ဆယ်ဘင့်က ၂၀၀၄ ခုနှစ် ဧပြီလက ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အာဆင်နယ်နှင့်ကစားသည့်ပွဲတွင် အနိုင်ရရှိခဲ့ရာ အားကစားသမားများကို ချယ်လ်ဆီးက ဆုကြေးထပ်မံပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အက်ဖ်အေ၏ သတ်မှတ်ချက် စည်းကမ်းအရ ဘောလုံးအသင်းအနေဖြင့် အနိုင်ရရှိအောင် ဆုကြေးငွေထပ်မံပေးမှုမပြုရန် သတ်မှတ်ထားသည်။

သို့သော် ချယ်လ်ဆီးအသင်းကို အက်ဖ်အေကစစ်ဆေးသည့်အခါ ဆုကြေးပေးခဲ့သည့် အထောက်အထား မတွေ့ခဲ့ရကြောင်း ဟက်ဆယ်ဘိမ့်အနေဖြင့် လီဆယ်ပြောကြားခြင်းဟုတ် မဟုတ်ကို စစ်ဆေးမည်ဖြစ်သည်။ ဟက်ဆယ်ဘိမ့်သည် ချယ်လ်ဆီးမှ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ထွက်ခွာခဲ့ပြီး ချာလ်တန်သို့ ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

မာရာဒိုနာက ဘေဆယ်အား ဘိုကာဂျူနီယာတွင်နေရန် အကြံပြု

အာဂျင်တီးနား နည်းပြတာဝန်ကို ထမ်းဆောင်မည့် ဘေဆယ်အား လက်ရှိ ဘိုကာဂျူနီယာအသင်းတွင်သာ ဆက်လက်နေရန် ကမ္ဘာကျော် ဘောလုံးသမားဟောင်း မာရာဒိုနာက အကြံပြုလိုက်သည်။

ဘိုကာဂျူနီယာအသင်းမှ အလျှင်စလို မထွက်ခွာရန်နှင့် နည်းပြသက်တမ်းကုန်ဆုံးသည်အထိ နေထိုင်ရန် မာရာဒိုနာက ပြောကြားသည်။ ဘေဆယ်သည် ဘိုကာဂျူနီယာအသင်းတွင် လပိုင်းမျှတာဝန်ယူရန် ကျန်ရှိနေသေးသည်။ ။

(အင်တာနက်)

အာဂျင်တီးနားကစားသမားဟောင်းကြီးမာရာဒိုနာ

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အာဟာရဆေးဝါးများထောက်ပံ့၊ စာအုပ်နှင့်စာရေးကိရိယာများလှူဒါန်း

ရေတာရှည် ဇူလိုင် ၂၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၀ရက် နံနက် ၉နာရီက ရေတာရှည်မြို့နယ် ဒိုးတန်းကျေးရွာအုပ်စု အောင်ချမ်းသာ စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းသို့ ရောက်ရှိကြသည်။

ဆေးဝါးထောက်ပံ့

အောင်ချမ်းသာစံပြကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင်ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့်အဖွဲ့အား ပဲခူးတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေအောင်က ဆေးပေးခန်းမှ ကျေးရွာ နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားပြီး တိုင်းမှူး၏ဇနီးက ဆေးပေးခန်းတွင် အသင့်ရောက်ရှိနေကြသော ကိုယ်ဝန်ဆောင်မိခင် ၂၀တို့နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျန်းမာရေး အခြေအနေကို မေးမြန်းပြီး အာဟာရ၊ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

စာအုပ်နှင့် စာရေးကိရိယာလှူဒါန်း

ထို့နောက် အောင်ချမ်းသာစံပြ ကျေးရွာ အခြေခံပညာ တွဲဖက်အထက်တန်းကျောင်း တေဇခန်းမတွင်စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူး၏ဇနီးက အဖွင့်အမှာစကား ပြောကြားပြီး စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့အား တိုင်းမှူး၏ဇနီး၊ ဒုတိယ တိုင်းမှူး၏ဇနီးနှင့် တိုင်းအဆင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များက ပေးအပ်လှူဒါန်းကြသည်။

အိမ်တွင်းမှုလုပ်ငန်းများကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၏ဇနီးနှင့် အဖွဲ့ဝင်များသည် အောင်ချမ်းသာ စံပြကျေးရွာ တွဲဖက်အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမတွင် ရေတာရှည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများဖြစ်သည့်ပန်းအလှပြင်သင်တန်း၊ စက်ချုပ်သင်တန်းနှင့် မုန့်ဖုတ် သင်တန်းများတွင် သင်ကြား ပေးလျက်ရှိသော သင်တန်း သူများနှင့် ဆရာ ဆရာမများ အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကျောင်းကျန်းမာရေး အသိပညာပေး ဆွေးနွေးပွဲနှင့် ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေး လက်တွေ့စစ်ဆေး ကုသခြင်း လုပ်ငန်းများကြည့်ရှု အားပေးသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် ရေတာရှည်မြို့ သမိုင်းဝင် မယ်ဒက်ကယ် ကျောင်းဝင်းရှိ စိတ္တသုခဓမ္မာရုံတွင်ပြုလုပ်သည့် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် ၍ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။

(တိုင်း မိခင်/ကလေး)

တစ်မိုးနှစ်သီး ထွန်းသီရိစပါးခင်း ညောင်တုန်းမြို့နယ်၌ ရိတ်သိမ်း

ညောင်တုန်း ဩဂုတ် ၁

ညောင်တုန်းမြို့နယ် ကညင်ကောက်ကြီးကျေးရွာအုပ်စု ဝါးကုန်းကြီးကျေးရွာ လယ်သမားကြီး ဦးငွေသန်း- ဒေါ်ခင်စန်းတို့၏ ကွင်းအမှတ် ၄၃၉-၁/၂၀လယ်ကွက်တွင် စိုက်ပျိုးခဲ့သော တစ်မိုးနှစ်သီး ထွန်းသီရိစပါးခင်းကို ဇူလိုင် ၂၉ရက်က ရိတ်သိမ်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဇော်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးကျော်နှင့်အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများကွင်းဆင်း ကြည့်ရှုလေ့လာကြသည်။

စက်ကွက်ရိတ်သိမ်း

အဆိုပါ လယ်သမားကြီး ဦးငွေသန်း၏ထွန်းသီရိစပါးမျိုးကိုသက်တန်း ၇၅ရက်အကြာတွင် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့က စက်ကွက် ရိတ်သိမ်းပြီး အထွက်နှုန်းကို ကြည့်ရှုစစ်ဆေးရာ ၆၁ဒသမ ၀၄တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ရိတ်သိမ်းပြီးသော စပါးများကို ခြွေလှေ့စက်ဖြင့်ခြွေလှေ့ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် အဖွဲ့က ကြည့်ရှု လေ့လာအားပေး ကြသည်။ **(အပေါ်ပုံ)**

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် မိုးစပါးတွင် ၆၄၅၄၈ဧကေ စိုက်ပျိုး သည့်အနက် တစ်မိုးနှစ်သီး မိုးစပါး ၁၀၄၆ ဧကကို စမ်းသပ်စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ တစ်မိုးနှစ်သီး စပါးများ ရိတ်သိမ်းပြီးလျှင် ဒုတိယ စပါးကို ပြန်လည် စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၈)**

အင်းဝလမ်းကတ္တရာခင်းရန် ကျောက်များစုဆောင်း

မိုးညှင်း ဇူလိုင် ၁၅

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အလျားပေ ၆၀၀ရှိ အင်းဝလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားခြင်းကို ဇူလိုင် ၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးမြင့်ဆွေက ရှင်းလင်းပြသခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ် (၃)တွင် ကြက်ဆူပင် ၅၀၀၀၀ ပျိုးထောင်ထားမှုကို ဇူလိုင် ၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းစည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြား ရေးမှူးဦးဟန်ငွေနှင့် အဖွဲ့ ဇူလိုင် ၁၅ရက်က ပွင့်ဖြူမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ဆောင်ရွက် ခဲ့သော ဒေါနလမ်းထိပ်ရှိ ပေါင်း တံတားပြီးစီးမှုကို ကြည့်ရှုစစ်ဆေး ရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုး ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း ဇူလိုင်၁၀ရက်က ဝန်ထမ်းများ မီးဖို ချောင်သုံးသီးနှံများ စိုက်ပျိုးရန် မြေ ပြုပြင်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ်၌ မူလတန်းလွန်ကျောင်းဖွင့် ကျောင်းသုံးပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်း

ကြို့ပင်ကောက် ဇူလိုင် ၂၈

ကြို့ပင်ကောက်မြို့နယ် ရှားပင်ထကျေးရွာအုပ်စု ရွာသာယာရွာအခြေခံ ပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ရက် နံနက်၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ရှားပင်ထကျေးရွာအုပ်စု ဥက္ကဋ္ဌဦးဘိုနီတို့ကအခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်း အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ရှားပင်ထကျေးရွာအုပ်စု ဥက္ကဋ္ဌဦးဘိုနီတို့က မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရှားပင်ထ ကျေးရွာအုပ်စုမှ အလှူရှင်များက ကျောင်းသုံး ပရိဘောဂပစ္စည်းများကို အဆိုပါကျောင်းအတွက် ပေးအပ်လှူဒါန်းကြသည်။ **(၀၄၀)**

ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုစစ်ဆေး

တန့်ယန်း ဇူလိုင် ၁၀

တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအတွင်း ခြံစည်းရိုးကြက်ဆူပင်များပျိုးထောင်ထားရှိမှုကို ဇွန်၂၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးရန်နိုင် ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးလွင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း(၁၁)ရက်
၄-၈-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းမွေးမြူရေးအကြောင်း) (အပိုင်း-၂)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကန်စွန်းရွက်ပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပင်မြက်မြေစာမဖြစ်စေပါ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီ တေးပန်းချီ
(၁) မိုး သို့မဟုတ် ပုလဲသွယ်
(၂) သည်မိုးမှောင်တုန်း ခင်ပုန်းပါရစေ
(၃) ကသစ်ပန်း
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) သန့်စင်သောသွေးပေးလှူပါ (ခေါင်းကြီး)
(၂) သန့်စင်သွေးဖြင့် အသက်ကယ်ပါ (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (မှန်တဲ့စေတနာ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အအိပ်အနေအသက်ရှည်ဖို့ အကြောင်း-မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ထားသခင်
(၂) ချစ်ခွန်းခြွေသောထိုတစ်ည
(၃) မောင့်မေတ္တာ အလျှော်ပြန်ပေး

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကလေးမြို့ ကိုယ်ပွားသတင်းစာတိုက်၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၉ရက်က အဆိုပါ သတင်းစာတိုက်၌ ကျင်းပရာ ကလေးမြို့ မဟာသန္တာရုံကျောင်းမှ ဂဏဝါစက စာချဆရာတော် ဘဒ္ဒန္တ ပုညသေဋ္ဌအမှူးပြုသော ပင့်သံဃာငါးပါးအား တာဝန်ခံ စာတည်း ဦးအောင်နိုင်လွင်နှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုက်ကြီးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စီမံချက်အရ ဌာနလမ်းနှင့် သီတာလမ်း ရေနုတ်မြောင်းများကို ဇူလိုင် ၂၂ရက်ကစည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်ဈေးသူဈေးသားများ စုပေါင်း တူးဖော်ရှင်းလင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့်အမှုဆောင် အရာရှိ ဦးတင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်သုတ်စေတီတော် ဆေးပဒ္မာန်းပူဇော်ပွဲ ကျင်းပမည်

မော်လမြိုင် ဇူလိုင် ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂၁)ကြိမ်မြောက် ဆေးပဒ္မာန်းလှူဒါန်းပူဇော်ပွဲကို ဩဂုတ် ၂၂ရက်တွင် ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ဆေးပဒ္မာန်းလှူဒါန်းပူဇော်ပွဲသို့ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၀၈ကျောင်းမှ ကြွရောက်တော်မူလာကြမည့် ဆရာတော် သံဃာတော်၊ သီလရှင်များ အပါအဝင် စုစုပေါင်း အပါး၄၀၀၀ကျော်တို့အား ဆေးပစ္စည်းမျိုးစုံလှူဒါန်းဆက်ကပ်မည်ဖြစ်ရာ လှူဒါန်းလိုသူ အလှူရှင်များ ကျိုက်သုတ်စေတီ ဖုန်း-၀၅၇-၂၄၆၉၀၊ မော်လမြိုင်အသင်း (ရန်ကုန်) ဖုန်း-၀၁-၂၅၆၁၅၇၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၆၃၃၇၅၊ ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဘဏ္ဍာရေးအဖွဲ့ဒုတိယဥက္ကဋ္ဌဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၈၂ နှင့် အဖွဲ့ဝင်ဦးဝင်းကြည် ဖုန်း-၀၅၇-၂၂၆၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

ကျောက်ပန်းတောင်းမြို့နယ် တည်ချောင်း ကျေးရွာဘုန်းတော်ကြီးကျောင်း၊ သိမ်နှင့် စက်ရေတွင်းဆောက်လုပ်တူးဖော်ရေးအလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပါမောက္ခဒေါက်တာဦးခင်မောင်ညွန့်နှင့်ဇနီးဒေါ်လှလှခင်၊ သား သမီး မြေးတစ်စုက သိမ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ဆယ်သိန်းပေးအပ်လှူဒါန်းရာ ဖြစ်မြောက်ရေးကော်မတီဝင်ဦးကျော်တင့်ကလက်ခံယူစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း)တွဲဖက်တိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြည်မြို့၌ ကျင်းပ

ပြည် ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းရဲတပ်ဖွဲ့၏ ၂၀၀၆ခုနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ရက် နံနက် ၈နာရီက ပြည်မြို့ နဝင်းရဲရိပ်သာရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ခရိုင်၊ သာယာဝတီခရိုင်တို့မှ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တွဲဖက်တိုင်းရဲတပ်ဖွဲ့မှူးရုံးဦးစီးအရာရှိများ၊ တပ်ရင်းတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) တွဲဖက်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာကြားချက်များကို ရှင်းလင်းတင်ပြကြောင်း သိရသည်။(၁၉၉)

အော်တိုဖုန်းတပ်ဆင်ရေးပျော်ဘွယ်၌ဆောင်ရွက်နေ

ပျော်ဘွယ် ဇူလိုင် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက ပျော်ဘွယ်မြို့နယ်၌ အော်တိုတယ်လီဖုန်း တပ်ဆင်ရေးလုပ်ငန်းများကို ဇွန် ၂၇ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ ဆက်သွယ်ရေးအင်ဂျင်နီယာ ဦးတင်ဌေး၊ စက်မှုကျွမ်းကျင် ဦးအောင်ဝင်းနှင့် ဝန်ထမ်းများသည် မြေအောက်ကေဘယ်လ်ကြိုးများ ဆက်သွယ်ခြင်း၊ အင်္ဂတေတိုင်များစိုက်ထူခြင်း၊ ထရန်စဖော်မာနှင့် စက်ခန်းများ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီး မြေအောက်ကေဘယ်လ်ကြိုးအရှည် မီတာ၁၀၀၀၀ သွယ်တန်း၍ ဖုန်းအလုံး ၇၀၀ကိုတပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၂၅၀)

မြို့နယ် သတင်းများ

မိုးညှင်းမြို့ စက်မှုလက်မှုသိပ္ပံအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးညှင်း ဇူလိုင် ၁၀

မိုးညှင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၃ရက် နံနက်၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိဒုတိယညွှန်ကြားရေးမှူးဦးစိုးညွန့်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ကျောင်းအုပ်ကြီးဦးမင်းမင်းထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အဆိုပါကတ္တရာလမ်းသစ်သည် မန္တလေး-ရွှေဘို-မြစ်ကြီးနားပြည်ထောင်စုကားလမ်းမကြီးမှ အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း)အထိ လမ်းအရှည်ပေ၁၉၈၀၊ အကျယ်၁၄ပေရှိပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးထံမှ ထောက်ပံ့သည့် ကတ္တရာဖိုးငွေကျပ် ၄၉သိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ထည့်ဝင်ငွေကျပ် ၉၉ သိန်း ခြောက်သောင်းရှစ်ထောင်ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းလမ်းများရှိ မြောင်းများတွင် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် မြောင်းတူးခြင်းကို ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိန်းဇော်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မြေပုံ ဇူလိုင် ၈

မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာ ခြံမြေအတွင်း ဇွန် ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုး ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဗန်းမော်မြို့ ဗလမင်းထင်လမ်းတစ်လျှောက် လမ်းပေါက်များပြုပြင်ဖာထေးခြင်းလုပ်ငန်းကို ဇူလိုင် ၁၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်မောင်မြင့် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူးဦးသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့ တွင်းလမ်းများ ကွန်ကရစ်ကပ်တုံးခင်း

ဝါးခယ်မ ဇူလိုင် ၉

ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့တွင်းလမ်းဘေးဝဲယာတွင် အရှည်ပေ ၃၀၀၀ ရှိကွန်ကရစ်ကပ်တုံးခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေးနှင့် အမှုဆောင်အရာရှိ ဦးလှဦးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးကုတ်မြို့ ရေဦးရေထွက်မှ မြို့ရေပေးဝေရေး ရေကန်သို့ သွယ်တန်းထားသော ရေပိုက်လိုင်း သုံးလိုင်း သန့်ရှင်းစင်ကြယ်ရေးလုပ်ငန်းကို ဇူလိုင်၁၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဒေါ်ခင်မာစန်းနှင့်ဝန်ထမ်းများ ဆောင်ရွက်ကြရာအမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဦးစီးအရာရှိဦးကျော်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ သင်ကြားစီမံ ဆရာတော်အပါး ၇၀နှင့် စာသင်သားသံဃာတော်အပါး ၃၈၀တို့အား ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးနှင့် သားသမီး မြေးတစ်စုက တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားတွင် ဒုတိယနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင်မိသားစုက ဆရာတော်ကြီး ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် ၄၉၆၀၀၀ ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးမြတ်သန္တာမဟာစည်ရိပ်သာ၌ မီးစက်လှူဒါန်းရန်အတွက် မိခင် ကျောင်းအမကြီး ဒေါ်လှခင်စောအား အမှူးထား၍ ရဟန်းအမ ဒေါ်လှလှခိုင် (ခ)ဒေါ်ဆုနန္ဒာ၊ သမီးမဖြူဖြူခိုင်သော်၊ သား မောင်ရဲကိုဝင့်၊ (မြတ်အန္တာရွှေဆိုင် အင်းစိန်ဈေး၊ စိန်အိမ်ရွှေစိန်ဆိုင် ဗိုလ်ချုပ်ဈေး)မိသားစုက အလှူတော်ငွေကျပ် နှစ်ဆယ့်တစ်သိန်းကို မြတ်သန္တာမဟာစည်ရိပ်သာဆရာတော် အရှင်သိရိန္ဒ(ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သမိုင်းဝင်ညောင်ဦးမြို့ ရွှေစည်း ခုံဘုရားလုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပွဲအတွက် နှစ်ဖက်သော အဘိုးအဘွား၊ မိဘများအား အမှူးထား၍ လှိုင်မြို့နယ် (၅)ရပ်ကွက် ယုဇနလမ်းနေ ဦးကျော်ကျော်ဆန်း - ဒေါ်ထိုက်ထိုက်အောင်၊ သမီး မသီတာစိမ်း (ခ)နိုနို၊ သား မောင်မင်းသွင်ကျော်(ခ)ကီဇင်မိသားစုက ကြေးဂူတိုက်အတွက် အလှူငွေကျပ် ၆၅၀၀၀၀ကို ဇူလိုင် ၉ရက်က ဗုဒ္ဓပူဇနီယဆီမီး ၉၉၀၀ အဖွဲ့ရုံးသို့လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ဆီမီး ၉၉၀၀ အဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက လက်ခံယူစဉ်။ (၀၄၆)

မှော်ဘီမြို့၌ စာရေးခုံနှင့် စာရေးကိရိယာများလှူဒါန်း

မှော်ဘီ ဩဂုတ် ၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မှော်ဘီမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများအတွက် စာရေးခုံနှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက်က ဝါးနက်ချောင်းကျေးရွာအုပ်စု ဇောတိကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပထမအကြိမ်လှူဒါန်းသော ဇောတိကုန်း အခြေခံပညာမူလတန်းကျောင်းအတွက် စာရေးခုံ အစုံ ၂၀နှင့် ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများကို တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်က လည်းကောင်း**(အောက်ပုံ)**၊ ငွေကျပ် ၃၁၂၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀ နှင့် ခဲတံ ဒါဇင် ၂၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လည်းကောင်း၊ ငွေကျပ် ၂၆၀၀၀ တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ် ၁၀ ဒါဇင်နှင့် ခဲတံ ၁၀ ဒါဇင်ကို အမှတ်(၁၃၁)အမြန်ယာဉ်အသင်းက လည်းကောင်း မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားမကျင်းပမီ တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝါးနက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ခြင်ဆေးမှုတ်ခြင်း၊ ဆေးဖျန်းခြင်းတို့ဆောင်ရွက်ကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသူ ကျောင်းသားများအား တွေ့ဆုံအားပေးခဲ့ကြောင်းသိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

လှူဒါန်း

အင်းစိန်မြို့နယ် အင်းစိန်ဈေးကြီးနှင့် လေဟာပြင်ဈေးတို့မှ ဈေးသူဈေးသားများစုပေါင်းလှူဒါန်းသော ဇွန်လအတွက် အလှူငွေကျပ်နှစ်သိန်းကို အင်းစိန်မြို့နယ် မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်က လက်ခံယူစဉ်။ (က-ပ)

စလင်း ထွေ/အုပ်ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်

စလင်း ဇူလိုင် ၈

မကွေးတိုင်း စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမျိုးသားဝန်ထမ်း ၇၁ ဦးနှင့် အမျိုးသမီးဝန်ထမ်း ၆၇ ဦးတို့အတွက် ငွေကျပ် ၅၆၅၃၅၀ တန်ဖိုးရှိ တူညီဝတ်စုံများ ပေးအပ်ကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အင်းတော်မြို့၌ကျင်းပ

အင်းတော် ဇူလိုင် ၁၅

အင်းတော်မြို့ (၅)ရပ်ကွက် ဂေါစဂန် ဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၆ရက် ညနေ ၅နာရီက အင်းတော်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

လောင်းလှူ

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော် ဦးပဏ္ဍိတ၊ ဒုတိယဥက္ကဋ္ဌ လယ်ပြင်ရွာကျောင်းဆရာတော် ဦးပညာသာမိ၊ ရေတွင်းကုန်းကျောင်း ဆရာတော် ဦးကုန္ဒတို့ အမှူးပြုသော သံဃာတော်အပါး ၁၆၀ တို့သည် အင်းတော်မြို့ မြို့မပရိယတ္တိ စာသင်တိုက်မှ မြို့ပတ်လမ်းအတိုင်း ကြွရောက်တော်မူကြရာ မြို့သူ မြို့သား၊ ဒါယကာ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြကြောင်း သိရသည်။ **(၁၃၃)**

ပညာသင်ထောက်ပံ့ကြေး တပ်ကုန်းမြို့၌ပေးအပ်

တပ်ကုန်း ဇူလိုင် ၆

တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ၂၀၀၆-၂၀၀၇ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်နံနက် ၁၀ နာရီက တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်၌ ကျင်းပသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျောင်းသား ကျောင်းသူ ၇၁ ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကျောင်းသူ ခြောက်ဦးတို့ကို တာဝန်ရှိသူများက စာရေးကိရိယာများကို တစ်ဦးချင်းပေးအပ်ကြောင်း သိရသည်။ **(၂၆၆)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေကွက်လပ်တွင် အဖွဲ့ဝန်ထမ်းများဖြင့် ဇွန်၂၀ရက်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးမြင့်လွင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ပျဉ်းမနားမြို့၌ကျင်းပ

ပျဉ်မနား ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တရားသူကြီး ဒေါ်မိမိမော်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် သိသင့်သိထိုက်သော ဥပဒေများကို ရှင်းလင်းပြောကြားပြီး ဂုဏ်ပြုထိုက်သူ အမျိုးသမီးများ၊ ကျပန်းစကားပြောပြိုင်ပွဲမှ ဆုရသူများနှင့် အမျိုးသမီးရေးရာ ညကျောင်းတွင် ပညာသင်ကြားခဲ့သောဆရာ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ကြသည်။ **(၀၉၉)**

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ၌ ဇူလိုင် ၁၂ရက်က အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပရာ တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းနေ ဦးတင်လှိုင်-ဒေါ်အေးသန်းမိသားစု (စိန်မေတ္တာ နိဗ္ဗာန်ကုန်တိုက် ပတ္တမြားသင်္ကန်းဆိုင်)က ဘိုးဘွားရိပ်သာအတွင်းရှိ နတ်လမ်းတစ်ခန်းအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ(၂)ဦးလှမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

အရောင်းတင်ဒါကြော်ငြာ

ရောင်းချမည့်ပစ္စည်း

(၁) သကြားအိတ်ခွံ (ပီနန်)	(၅၃၀၀) အိတ်
(၂) သကြားအိတ်ခွံ (ပလတ်စတစ်)	(၇၈၇) အိတ်
(၃) Empty Can (Damage) (330 ml)	(၁၁၂၀၈၇) Pcs
(၄) Empty Can (Damage) (250 ml)	(၁၂၆၃၆) Pcs
(၅) ကုန်ကြမ်းပုံးခွံများ (ပလတ်စတစ်) 15 Kg (Blue)	(၁၁၂) Drum
(၆) ကုန်ကြမ်းပုံးခွံများ (ပလတ်စတစ်) 15 Kg (White)	(၈) Drum
(၇) ကုန်ကြမ်းပုံးခွံများ (ပလတ်စတစ်) 25 Kg (Blue)	(၁၂) Drum
(၈) ကုန်ကြမ်းပုံးခွံများ (ပလတ်စတစ်) 25 Kg (White)	(၅၁) Drum
(၉) ကုန်ကြမ်းပုံးခွံများ (ပလတ်စတစ်) 40 Kg (Blue)	(၇) Drum

တင်ဒါပိတ်ရက်နှင့်အချိန်– ၁၀–၈–၂၀၀၆ ရက်နေ့ ၁၄း၀၀ နာရီ

တင်ဒါနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များကို မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ဒဂုန်အချိုရည်နှင့် ရေခဲစက်၊ အမှတ် ၃၃၅၊ ၃၄၉ ဦးဝိစာရလမ်း ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းပြီး တင်ဒါစည်းကမ်းနှင့် ပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ **စက်ရုံမှူး**

ဒဂုန်အချိုရည်နှင့်ရေခဲစက်

ဖုန်း–၅၃၇၉၂၄၊ ၅၀၂၇၀၉။

သစ္စာ

သစ္စာတရားကို လက်ကိုင်ထား၍ (DENSITY 17.8) ...

(DIGITAL ချိန်စက်)

ဖုန်း - ၀၁ - ...

ပုန်းမေးဇေဇင်

0951-50153

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့ ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာန အစာစပ်စက်ရုံ အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	တိရစ္ဆာန်အစားအစာကုန်ကြမ်း ဖြည့်စွက်ဆေးဝါးနှင့်ပီနံအိတ်ခွံ	(1) Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၁–၈–၂၀၀၆ရက်နေ့ ၁၆း၀၀နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူ ရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း အမှတ်–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ

ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းဖွင့်လှစ်မည့်

ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း–အမှတ်စဉ်(၄)

သင်တန်းဖွင့်မည့်ရက်	– ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၄ရက်
သင်တန်းဖွင့်မည့်နေရာ	– မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး၊ (ရန်ကုန်)
လျှောက်လွှာစတင်လက်ခံမည့်ရက်	– ၁–၈–၂၀၀၆ရက်
လျှောက်လွှာပိတ်ရက်	– ၁၁–၈–၂၀၀၆ရက်
ဆက်သွယ်ရန်လိပ်စာ	– **မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း**

ဘုရင့်နောင်လမ်းမကြီးနှင့်စက်မှုဆေးဝါးလမ်းထောင့်၊

အနောက်ကြို့ကုန်း၊ ရန်ကုန်။

ဖုန်း– ၀၁–၆၈၃၆၅၁၊ ၆၈၃၆၅၇၊ ၆၈၃၆၅၈၊

လိုင်းခွဲ–၁၀၆၊ Fax-683651

E-mail-myanmar shrimp @ myanmar.com.mm

TOP 243363 705877

အမည်ပြောင်း

အဖ ဦးမြသန်း၏သမီး မအေး မြသီတာအား မအိမ်သူဟိဏ်းဟု ပြောင်းလဲခေါ်ပါရန်။

မအိမ်သူဟိဏ်း

၈/စတရ(နိုင်)၀၃၂၅၉၉။

CRANE

546941 703408

09 5017088, 382904

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆အရ)

မိတ္ထီလာခရိုင်နယ်တရားမရုံးတော်၌

၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ်– ၂၅

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့ (၎င်းဘဏ်ကိုယ်စားခရိုင်မန်နေဂျာ)	**နှင့်**	၁။ ဦးစိန်လှိုင် ၂။ ဒေါ်ကြင်ရွှေ
တရားနိုင်		**တရားရှုံး**

မိတ္ထီလာခရိုင်တရားရုံး၏ ၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် –၁၀တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများမှ တရားနိုင်သို့ ပေးသွင်းရန် ငွေကျပ်၁၃၅၇၆၇၆ကျပ်/၀၈ပြား(ကျပ်တစ်ဆယ့်သုံးသိန်းငါးသောင်းခုနစ်ထောင်ခြောက်ရာ ခုနစ်ဆယ့်ခြောက်နှင့် သုညရှစ်ပြားတိတိ)ကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၄ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာမြောက်ရပ်ကွက်ရှိအကွက် အမှတ်(၈/ပြည်သာယာမြောက်)၊ဦးပိုင်အမှတ် (၁၇၅)၊ မြေကွက်အမှတ်(၁၇၅)၊ မြေချိန် ဧရိယာ ၀ဒသမ ၀၃၄ဧကရှိ မြေနှင့်မြေပေါ်ရှိ (၂၇x၂၇)ပေရှိ လူနေတစ်ထပ်တိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး–ကျပ် ၂၃သိန်း (ကျပ်နှစ်ဆယ့်သုံးသိန်းတိတိ)

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

မြင့်မြင့်စန်း(တ/၁၅၁၂)

ဒုတိယခရိုင်တရားသူကြီး၊မိတ္ထီလာခရိုင်တရားရုံး။

မိုးရာသီရေကူးသင်တန်း

တက္ကသိုလ်များရေကူးကန်(သထုံလမ်း)

သင်တန်းသူ/သားများ စတင်လက်ခံနေပါပြီ

☎ : 01-513109, 701387

'Best Training Centre'

အမည်ပြောင်း

အဖ ဦးကျော်စိုး၏သမီးဖြစ်သူ တက္ကသိုလ်ဝင်တန်း(ခ) အထက(၄) မြောက်/ဒဂုံမှ မပွင့်ဖြူဖြူမွေးအား မကြည်စင်ဝင်းသန့်ဟုပြောင်းလဲခေါ်ပါရန်။ **မကြည်စင်ဝင်းသန့်။**

နှစ်ပြတ်အခန်းငှားရန်

အောက်ပုဇွန်တောင် ဈေးလမ်း ၁၉ပေx၅၅ပေ (မြေညီထပ်–ထပ်ခိုးပါ) ၄၄၀ပါဝါ Offset လုပ်ငန်းအတွက် သင့်တော်သည်။

ဆက်သွယ်ရန်ဖုန်း–

၀၉–၅၁၀၇၃၈၇

၀၂–၃၂၀၃၆

၀၂–၂၆၄၄၃။

ဝမ်းနည်းကြေကွဲခြင်း

ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၏ဖခင်ဖြစ်သူ ဦးတင်အေးအသက်(၉၃)နှစ်သည် ၂၃–၇–၂၀၀၆ရက်(တနင်္ဂနွေ) နေ့ညနေ ၄နာရီတွင် အိမ်မဲမြို့နယ် သဖန်းဆိပ်ကျေးရွာနေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်နု B. Sc (Bot)၊

သံတွဲ

အသက်(၄၇)နှစ်

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅)မန္တလေးတိုင်းရုံးမှ တိုင်းဦးစီးမှူး ဦးစိုးဝင်း၏ ဇနီး (ဒေါ်တင်တင်နု) သည် ၂၃–၇–၂၀၀၆ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)

အရာထမ်း၊ အမှုထမ်းများ။

ကျေးဇူးတင်ရှိခြင်း

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစိုးဝင်း ဒုတိယညွှန်ကြားရေးမှူး၏ ဇနီး ဒေါ်တင်တင်နု (သံတွဲ) နာမကျန်းစဉ်က ဂရုတစိုက်ကုသပေးသော ဆရာဝန်ကြီးနှင့် ဆရာမများ၊ ကွယ်လွန်ခြင်းအတွက် သတင်းမေးနှစ်သိမ့်ပေးကြသော ဆရာသမားများ၊ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသင်္ဂဟများနှင့် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသူများကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဟခ/၁၃၁၄ JIM "DREAM 110 M/C" ယာဉ် လက်ဝယ်ရှိသူ ဦးချုံဇလ် မှတ်ပုံတင်အမှတ် ၅/ကလထ(နိုင်) ၁၁၀၅၄၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(ဟားခါး)။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးညွန့်အားရည်စူး၍ သားသမီး၊ မြေးမြစ်တို့က ဒုတိယအကြိမ်အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းလှိုင်ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးထွန်းဦး၊ သမားတော်ကြီး ဒေါက်တာဦးချစ်စိုးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့ ဇူလိုင် ၂၃ရက်က ကန်တော်ကလေးဘိုးဘွားရိပ်သာသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး ဘိုးဘွားများအား အာဟာရအဖြစ် ဂျုံခေါက်ဆွဲဘူးများ လှူဒါန်းစဉ်။ (၃၅၂)

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင်၂၈ရက်က အမက(၇) ဒေါပုံကျောင်းတွင်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး/သံကျွမ်းကျင်(၃) ဒေါ်မြသက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၆ ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၆ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန စာမျက်နှာ ၉ ကော်လံ ၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မဒီ-ကျောက်ဖြူလမ်းစီမံကိန်း ၂၀၀၁ ခု ဒီဇင်ဘာ ၁ ရက်မှစတင်ခဲ့ ခရီးပေါက်ရန် မြစ်ကူး၊ ချောင်းကူးတံတားကြီးများ အခိုင်အမာတည်ဆောက် ငါးနှစ်စီမံကိန်းရေးဆွဲ၍ နှစ်လမ်းသွား ကတ္တရာလမ်းခင်းလျက်ရှိ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး အမြန်ပြီးစီးရေး အားသွန်ခွန်စိုက်ပမ်းနေ

သတင်းမှတ်စု
ကျော်စိန်

ဓာတ်ပုံ
သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်-ကျောက်ဖြူလမ်းမကြီး၏ (မအီ-ကျောက်ဖြူလမ်း)အပိုင်းသည် မအီမှ ကျောက်ဖြူအထိ ၇၆ မိုင် ၇ ဖာလုံရှိသည်။ ၎င်းမအီ-ကျောက်ဖြူလမ်းတွင် မအီ-ဝါးတောင် ၈မိုင် ၄ ဖာလုံ၊ ဝါးတောင်-မင်းကြောင်း ၁၈မိုင်၊မင်းကြောင်း-စနဲ(ခိုမင်) ၁၆မိုင် ၁ဖာလုံ၊ စနဲ(ခိုမင်)-ကျောက်ဖြူ ၃၄ မိုင် ၂ဖာလုံ ပေါင်း ၇၆ မိုင် ၇ ဖာလုံရှိသည်။

တောင်ကုတ်မှ ကျောက်ဖြူသို့ ၁၁၉ မိုင် ၇ ဖာလုံရှိရာ တောင်ကုတ်-မအီ ၄၃ မိုင်၊ မအီ-ဝါးတောင် ၈ မိုင် ၄ ဖာလုံ၊ ဝါးတောင်-မင်းကြောင်း ၁၈ မိုင်၊ မင်းကြောင်း-စနဲ(ခိုမင်) ၁၆ မိုင် ၁ ဖာလုံ၊စနဲ(ခိုမင်)-ကျောက်ဖြူ ၃၄ မိုင် ၂ ဖာလုံရှိသည်။ စာမျက်နှာ ၇ ကော်လံ ၁

ရခိုင်ပြည်နယ် တောင်ကုတ်-ကျောက်ဖြူလမ်းမကြီး မအီမြို့နယ်အပိုင်းတွင် အမာခံလမ်းခင်းပြီးစီးမှုမြင်ကွင်းကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မုန်တိုင်းငယ် အိန္ဒိယပင်လယ်ပြင်ကို ဖြတ်ကူး

ရန်ကုန် ဩဂုတ် ၂

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချန်ဒါဘာလီမြို့၏ အရှေ့တောင်ဘက် မိုင် ၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဖြတ်ကူးနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်၊ အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၂

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)